ကန့်သတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဘက်စုံ စီမံကိန်း
## (၂၀၀၁-၂၀၀၂ ခုနှစ် မှ ၂၀၃၀-၂၀၃၁ ခုနှစ် ထိ)
## အတွဲ (၁၀)

# မူဝါဒနှင့် ဥပဒေရေးရာ အကြောင်းရင်းခံများ

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ

ကန့်သတ်

ကန့်သတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဘက်စုံ စီမံကိန်း
# (၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၃၀-၂၀၃၁ ခုနှစ်ထိ)
# အတွဲ(၁၀)

# မူဝါဒနှင့် ဥပဒေရေးရာ အကြောင်းရင်းခံများ

၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ

ကန့်သတ်

# နိုင်ငံအဝန်း သစ်တောစွမ်းဖြင့်

# စိမ်းလန်းစေရမည်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး | ၂ |
| ၃။ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖွဲ့စည်းခြင်း | ၃ |
| | ၃-၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖွဲ့စည်းပုံ | ၄ |
| | ၃-၂။ တည်နေရာနှင့်အကျယ်အဝန်း | ၄ |
| | ၃-၃။ ရည်ရွယ်ချက်များ | ၄ |
| | ၃-၄။ ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များ | ၅ |
| | ၃-၅။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လိုက်နာကျင့်သုံးရမည့် သစ်တောမူဝါဒနှင့်ဥပဒေများ | ၆ |
| | ၃-၆။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့်တားမြစ်ချက်များ | ၇ |
| ၄။ | မြန်မာ့သစ်တောမူဝါဒ | ၈ |
| | ၄-၁။ ၁၉၉၅ခုနှစ် မတိုင်မီ မြန်မာ့သစ်တောမူဝါဒ | ၈ |
| | ၄-၂။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တောမူဝါဒ | ၉ |
| | ၄-၂-၁။ ပဓာနကျသောအချက်များ | ၉ |
| | ၄-၂-၂။ ရည်ရွယ်ချက်များ | ၁၀ |
| | ၄-၂-၃။ မူဝါဒလုပ်ငန်းများ၊ မဟာဗျူဟာများနှင့်လုပ်ငန်းများ | ၁၃ |
| ၅။ | ၁၉၉၂ခုနှစ် သစ်တောဥပဒေ | ၁၃ |
| | ၅-၁။ သစ်တောဥပဒေတွင်ပါဝင်သောအခန်းများ၊ ပုဒ်မများနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏အခွင့်အာဏာ | ၁၄ |
| ၆။ | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ | ၁၆ |
| ၇။ | သစ်တောနည်းဥပဒေများ | ၁၈ |
| ၈။ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များ | ၁၉ |
| | ၈-၁။ ခွင့်ပြုသည့်နေရာဒေသများ | ၁၉ |
| | ၈-၂။ အသုံးပြုသူများအဖွဲ့ | ၁၉ |
| | ၈-၃။ မြေအသုံးချခွင့်ပြုသည့်ကာလ | ၂၀ |
| | ၈-၄။ သစ်တောဦးစီးဌာနမှ အကူအညီများ | ၂၀ |
| | ၈-၅။ သစ်တောထွက်ပစ္စည်းများကို အသုံးပြုခြင်း | ၂၁ |
| | ၈-၆။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏တာဝန် | ၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၉။ | သစ်တောရေးရာဝန်ကြီးဌာန၏ မူဝါဒများနှင့် ရည်မှန်းချက်များ | ၂၁ |
| | ၉-၁။ သစ်တောရေးရာဝန်ကြီးဌာန၏မူဝါဒများ | ၂၂ |
| | ၉-၂။ သစ်တောရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်များ | ၂၂ |
| ၁၀။ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာန ဆက်စပ်မှု | ၂၃ |
| | ၁၀-၁။ လုပ်ငန်းများ | ၂၃ |
| | ၁၀-၂။ ဝန်ထမ်းရေးရာ | ၂၃ |
| ၁၁။ | လုပ်ငန်းဆက်စပ်သောအခြားဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ | ၂၄ |
| | ၁၁-၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၂၄ |
| | ၁၁-၂။ သတ္တုတွင်းဝန်ကြီးဌာန | ၂၄ |
| | ၁၁-၃။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန | ၂၅ |
| | ၁၁-၄။ ဒေသအာဏာပိုင်အဖွဲ့အစည်းများ | ၂၇ |
| ၁၂။ | ရှေ့လုပ်ငန်းအစီအစဉ် | ၂၇ |
| | ၁၂-၁။ စထထရလုပ်ငန်းကြီး ၄–ရပ် | ၂၇ |
| | ၁၂-၁-၁။ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း(စ) | ၂၇ |
| | ၁၂-၁-၂။ သဘာဝတောကျန်များကိုထိန်းသိမ်းကာကွယ်ခြင်း(ထ) | ၂၈ |
| | ၁၂-၁-၃။ ထင်းအစား အခြားလောင်စာများဖော်ထုတ်သုံးစွဲခြင်း(ထ) | ၂၈ |
| | ၁၂-၁-၄။ ရေအရင်းအမြစ်များဖော်ထုတ်ခြင်း(ရ) | ၂၉ |
| | ၁၂-၂။ သစ်တောမူဝါဒကိုပြုပြင်မွမ်းမံရန် | ၂၉ |
| | ၁၂-၃။ သစ်တောဥပဒေကို ပြုပြင်မွမ်းမံရန် | ၂၉ |
| | ၁၂-၄။ ဝန်ထမ်းဖွဲ့စည်းပုံကိုပြုပြင်မွမ်းမံရန် | ၃၀ |
| | ၁၂-၅။ ပြည်သူများ၏အသိနှင့်ပူးပေါင်းဆောင်ရွက်မှုတို့ကိုမြှင့်တင်ရန် | ၃၀ |
| | ၁၂-၆။ စိမ်းလန်းစိုပြည်ရေးရန်ပုံငွေတည်ထောင်ရန် | ၃၀ |
| | ၁၂-၇။ အမျိုးသားမြေအသုံးချမှုဝါဒ၊ အမျိုးသားမြေအသုံးချစီမံချက်နှင့်အမျိုးသားမြေအသုံးချအကြံပေးအဖွဲ့ ချမှတ်တည်ထောင်ရန် | ၃၀ |
| ၁၃။ | အကောင်အထည်ဖော်မည့်အစီအစဉ် | ၃၁ |
| | ၁၃-၁။ တစ်နှစ်အတွင်းဆောင်ရွက်ရန် | ၃၁ |
| | ၁၃-၂။ နှစ်တိုကာလဆောင်ရွက်ရန် | ၃၁ |
| | ၁၃-၃။ နှစ်လတ်ကာလဆောင်ရွက်ရန် | ၃၁ |
| | ၁၃-၄။ စီမံကိန်းကာလတစ်လျှောက်လုံးဆောင်ရွက်ရန် | ၃၂ |
| ၁၄။ | နိဂုံး | ၃၂ |
| | ကျမ်းကိုးစာရင်း | ၃၃ |

# မူဝါဒနှင့်ဥပဒေရေးရာ အကြောင်းရင်းခံများ

## ၁။ နိဒါန်း

အမျိုးသားသစ်တောမူဝါဒသည် နိုင်ငံတော်၏ သစ်တောကဏ္ဍနှင့် ပတ်သက်သော လိုလားချက်၊ ပန်းတိုင် (Goal) နှင့် ရေတိုရေရှည်ရည်မှန်းချက်များ (Objectives)ကို သတ်မှတ်ပြဋ္ဌာန်းပြီး အကောင်အထည်ဖော် ဆောင်ရွက်ရမည့် မဟာဗျူဟာများ (Strategies)နှင့် လုပ်ငန်းများ(Actions) ကို လမ်းညွှန်မှု ပြုပါသည်။

သစ်တောဥပဒေသည် သစ်တောမူဝါဒကို အကောင်အထည်ဖော်ရန်အတွက် တရားဥပဒေဖြင့် အရေးယူပိုင်ခွင့်ရှိသောသတ်မှတ်ချက်များ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများ ဖြစ်ပါသည်။

ထို့ကြောင့်သစ်တောမူဝါဒနှင့်သစ်တောဥပဒေတို့သည်၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အစီအစဉ်အားလုံး၏ အဓိက အခြေခံ ဖြစ်ပါသည်။

သို့ဖြစ်၍ သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောမူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများ၊ ညွှန်ကြားချက်များကို၊ ခေတ်နှင့်လျော်ညီအောင်၊ အသစ်ရေးဆွဲခြင်းသော်လည်းကောင်း၊ ပြုပြင်မွမ်းမံခြင်းများ သော်လည်းကောင်း ပြုလုပ်ခဲ့ပါသည်။

၁၉၉၅ ခုနှစ်တွင် အမျိုးသားသစ်တောမူဝါဒကို အသစ်ရေးဆွဲပြီး သစ်တောရေးရာဝန်ကြီးဌာန၏ ၂၃-၂-၁၉၉၆ ရက်စွဲပါ ကြေငြာချက်အမှတ် ၂၁/၉၆ ဖြင့် မြန်မာ့သစ်တောမူဝါဒ(၁၉၉၅) မူဝါဒ သဘောထား ကြေငြာချက်ကို ထုတ်ပြန်ခဲ့ပါသည်။

၁၉၇၂ခုနှစ် မြန်မာနိုင်ငံသစ်တောဥပဒေကို ပြန်လည်ပြုပြင်ထားသော သစ်တောဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၂ အဖြစ် ၃-၁၁-၁၉၉၂ ရက်စွဲဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။

သစ်တောနည်းဥပဒေများကို သစ်တောရေးရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၉၅ ဖြင့် ၁-၁၂-၁၉၉၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

၁၉၃၆ ခုနှစ် (The Wild Life Protection Act) ကို ပြုပြင်ထားသည့် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၎င်း၏ဥပဒေအမှတ် ၆/၉၄ဖြင့် ၈-၆-၁၉၉၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်း ရေးနည်းဥပဒေများကို သစ်တောဦးစီးဌာနမှ ပြုစုပြီးဖြစ်၍၊ ရှေ့နေချုပ်ရုံးမှ စိစစ်လျက် ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မျိုးသုဉ်းမည့် အန္တရာယ်မှ ကာကွယ်ရမည့် တောရိုင်း တိရစ္ဆာန်များအမည်စာရင်းကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အမိန့်ကြော်ငြာစာ အမှတ် ၅၈၃/၉၄ ဖြင့် ၂၆-၁၀-၁၉၉၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

ဒေသခံပြည်သူများ၏ အခြေခံသစ်လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့်သစ်တောများကို ပြုစုပျိုးထောင် ထိန်းသိမ်းရာ၌ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်အတွက်၊ ဒေသခံ ပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သည် ကြေငြာချက်အမှတ် (၁/၉၅)ဖြင့် ၁-၁၂-၁၉၉၅ ရက်နေ့တွင် ထုတ်ပြန် ခဲ့ပါသည်။

သို့ဖြစ်၍သစ်တောရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်းရှိ သစ်တောသယံဇာတများနှင့် တောရိုင်းတိရစ္ဆာန်များကို အစွန့်ရှည်စွာ တည်မြဲအောင်ထိန်းသိမ်းရန် ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ပြီး ဂေဟစနစ်ဟန်ချက်ညီရေးဆောင်ရွက်ရန်အတွက်၊ မူဝါဒနှင့်ဥပဒေဘောင်(Policy and Legal framework) ကို လုံလောက်စွာ တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

## ၂။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး

မြန်မာနိုင်ငံအလယ်ပိုင်းရှိ သဘာဝသစ်တောများမှာ ရှေးမြန်မာမင်းများ လက်ထက်မှစ၍ သာသနာရေးဆိုင်ရာ ဘုရားပုထိုးစေတီတော်များ တည်ထားကိုးကွယ်ရန် အုတ်လုပ်ငန်းအတွက် သစ်ထင်းခုတ်ယူခြင်း၊ ဂျပန်ခေတ်ကာလနှင့် ပြည်တွင်းသောင်းကျန်းသူများ ဆူပူချိန်ကာလများတွင် တရားဥပဒေ စိုးမိုးမှု နည်းပါးသဖြင့် စည်းကမ်းမဲ့ ခုတ်ယူသုံးစွဲကြခြင်း၊ မိုးခေါင်သည့်ကာလ များတွင် လယ်ယာသီးနှံမှ ဝင်ငွေမရရှိကြသည့်အခါ ထင်းခုတ်ရောင်းချခြင်း၊ လူဦးရေထူထပ် လာသည်နှင့်အမျှ သစ်ထင်းလိုအပ်ချက်များပြားပြီး စည်းကမ်းမဲ့ခုတ်ယူသုံးစွဲခြင်းများကြောင့်၊ သစ်တော ပေါက်ရောက်မှု ကြဲပါးလာပြီး ယခင်အတိတ် ကာလကထက် မိုးရွာသွန်းမှု ပိုမိုနည်းပါးကာ ပူပြင်းခြောက်သွေ့သည့် မိုးနည်းရေရှားဒေသသို့ ရောက်ရှိခဲ့ ရပါသည်။[၁]

ထို့သို့ယိုယွင်း ပျက်သုဉ်းလာသည့် ပတ်ဝန်းကျင်အခြေအနေကို တိုးတက်ကောင်းမွန်စေရန် အတွက်လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၁၉၅၃ခုနှစ်မှ စတင်၍မြေယာ ကျေးလက် ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းကိုဖွဲ့စည်းလျက် သစ်တောများ ပြန်လည်ထူထောင် ရေးကို ၁၉၅၃-၅၄ မှ ၁၉၆၂-၆၃ အထိ ဆောင်ရွက်ခဲ့ပြီး၊ ၁၉၆၃ ခုနှစ်မှ စ၍ သစ်တောဦးစီးဌာနမှ ဆက်လက် တာဝန်ယူ ခဲ့ပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ လက်ထက်တွင် သစ်တော ရေးရာဝန်ကြီးဌာနသည် အထူးဒေသကိုးခရိုင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ၁၉၉၄-၁၉၉၅ ခုနှစ် မှ ၁၉၉၆-၁၉၉၇ ခုနှစ် အထိ ရှေ့ပြေး(၃)နှစ်စီမံကိန်းဖြင့်လည်းကောင်း၊ ၁၉၉၇-၁၉၉၈ ခုနှစ် မှ ၂၀၀၈-၂၀၀၉ ခုနှစ် အထိ (၁၂) နှစ် ကာလအတွင်း (၄)နှစ် စီမံကိန်းများဖြင့် ဆောင်ရွက်ရေးကို လည်းကောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ တောင်(၁၃)လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ကိုလည်းကောင်း၊ ၁၉၉၆-၁၉၉၇ ခုနှစ် မှ ၁၉၉၈-၁၉၉၉ ခုနှစ် အထိ မြင်းခြံခရိုင် ရေဝေတောင်တန်း

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပထမ ၄-နှစ် စီမံကိန်း

ဒေသများ စိမ်းလန်းစိုပြည်ရေး အထူးလုပ်ငန်း စီမံချက်ကိုလည်းကောင်း၊ ပုပ္ပါးတောင် အရှေ့ခြမ်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းကိုလည်းကောင်း၊ တည်ဆဲ သစ်တောမူဝါဒ နှင့် ဥပဒေ လုပ်ထုံးလုပ်နည်း များနှင့်အညီ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ [၁]

ကိုးခရိုင်စိမ်းလန်းစိုပြည်ရေး စီမံကိန်းဖြင့် ၁၉၉၄ မှ ၁၉၉၇ ခုနှစ် အထိ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း နှင့် မကွေးတိုင်းတို့တွင် စုစုပေါင်း ၇၂၂၁၀ ဧက စိုက်ပျိုးနိုင်ခဲ့ပါသည်။[၂]

ထို့အတူ မြင်းခြံခရိုင် ရေဝေတောင်တန်းဒေသများ စိမ်းလန်းစိုပြည်ရေး အထူးလုပ်ငန်း စီမံကိန်းကို မြင်းခြံခရိုင်အတွင်းရှိ တောင်တန်း(၅)ခုတွင် ၁၉၉၆-၉၇ ခုနှစ် မှ ၁၉၉၈-၉၉ခုနှစ် အထိ (၃)နှစ် အကောင်အထည်ဖော်ခဲ့ရာ၊ စီမံကိန်းကာလအတွင်း ရေဝေရေလဲစိုက်ခင်း (၆၉၀၀)ဧက၊ ကြိုးပြင် ကာကွယ်တော ဖွဲ့စည်းခြင်း (၂၉၂၀၇)ဧက၊ သဘာဝတော ထိန်းသိမ်းကာကွယ်ခြင်း (၇၃၂၄၀)ဧက၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော(၁၆၁၅)ဧက၊ တစ်ဘက်ရပ်ဆည်ငယ်များနှင့် နန်းတားဆည်ငယ်များ (၃၃၁)ခု ဆောင်ရွက်ပြီးစီးခဲ့ပါသည်။

## ၃။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖွဲ့စည်းခြင်း

သဘာဝဝန်းကျင် ပျက်စီးယိုယွင်းပြီး၊ ရာသီဥတု ပူပြင်းခြောက်သွေ့ခြင်း၊ မြေဆီဩဇာ ညံ့ဖျင်းခြင်းတို့ကြောင့် မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသသည် သဲကန္တာရ အနေအထားသို့ တဖြည်းဖြည်း ကူးပြောင်းသွားနိုင်သည့်အပြင်၊ လောလောဆယ်တွင်လည်း ဒေသနေပြည်သူလူထုသည် စားဝတ်နေရေး အခက်အခဲများကို ပင်ပန်းကြီးစွာဖြင့် ရင်ဆိုင်ဖြေရှင်း နေကြလျက်ရှိပါသည်။

တစ်နေ့တခြား ပိုမိုယိုယွင်း ပျက်စီးလာသည့် ပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်စေပြီး၊ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်အတွက်၊ အခြေခံကျသော သစ်တော ထိန်းသိမ်း ပျိုးထောင်ပြုစုမှုကို သစ်တောဦးစီးဌာနမှ တာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေရုံဖြင့် မလုံလောက် တော့ဘဲ၊ သီးခြားဦးစီးဌာန တစ်ခုဖြင့် သစ်တောထိန်းသိမ်း ပျိုးထောင်ပြုစုခြင်း လုပ်ငန်း များကို အဓိကတာဝန်အဖြစ် အချိန်ပြည့် ဖောက်ချလုပ်ကိုင်ရန် လိုအပ်လာပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာန အောက်တွင်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အဖွဲ့၏ ၂၅-၆-၉၇ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ် ၂၄/၉၇ မှ သဘောတူ ခွင့်ပြုချက်ဖြင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၂-ရက်စွဲပါ စာအမှတ် ၁/၁၈၀(က)(င)/ (၆၂၀/၉၇)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

---

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ပထမ ၄-နှစ်စီမံကိန်း

၂။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဆိုင်ရာ အချက်အလက်များ (၁၉၉၉ ခုနှစ် ဧပြီလ)

၃-၁။ <u>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖွဲ့စည်းပုံ</u>

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံကို အရာထမ်း ရာထူး (၁၃၇) နေရာ၊ အမှုထမ်းရာထူး (၃၀၉၄) နေရာ၊ စုစုပေါင်း ရာထူး (၃၂၃၁) နေရာဖြင့် ဖွဲ့စည်းခွင့်ပြုခဲ့ပါသည်။ သို့ရာတွင် စုစုပေါင်း ရာထူး (၃၂၃၁) နေရာကို၊ တစ်ကြိမ်တည်း အပြည့်အဝခန့်ထားခြင်းမပြုဘဲ၊ ပထမ အဆင့်တွင် စုစုပေါင်းရာထူး (၁၁၈၃) နေရာ၊ ဒုတိယအဆင့်တွင် စုစုပေါင်းရာထူး (၁၀၉၄) နေရာ၊ တတိယအဆင့်တွင် စုစုပေါင်းရာထူး (၉၅၄) နေရာဖြင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်၍ ဝန်ကြီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများ ဖြည့်စွက် ခန့်ထားသွားရန် ဖြစ်ပါသည်။

(ဖွဲ့စည်းပုံ အသေးစိတ်ကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဘက်စုံစီမံကိန်း အတွဲ(၉)၊ "အဖွဲ့အစည်း ခိုင်မာတောင့်တင်းရေးနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေး" ကို ကြည့်ပါ)၊

၃-၂။ <u>တည်နေရာနှင့်အကျယ်အဝန်း</u>

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ယူရသောဒေသသည် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း နှင့် မကွေးတိုင်း (၃)တိုင်းရှိ ခရိုင်(၁၃)ခရိုင်၊ မြို့နယ်ပေါင်း (၅၇)မြို့နယ်မှ ကြိုးဝိုင်းဧရိယာ (၃,၇၇၇,၄၇၉)ဧက၊ ကြိုးပြင်ဧရိယာ (၈,၁၀၁,၅၆၉)ဧက နှင့် အခြားစိုက်ပျိုးမြေ (၁၀,၆၉၄,၇၃၂)ဧက၊ စုစုပေါင်း (၂၂,၅၇၃,၇၈၀)ဧကကျယ်ဝန်းပါသည်။

၃-၃။ <u>ရည်ရွယ်ချက်များ</u>

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရန်၊

(ခ) ရေ၊ မြေ သဘာဝဝန်းကျင်ကို ထိန်းသိမ်းရန်၊

(ဂ) ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းရန်၊

(ဃ) ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ထာဝစဉ် ဖွံ့ဖြိုးတိုးတက်စေရန်၊

(င) သစ်တော၊ သစ်ပင်များ၏ တန်ဘိုးနှင့် အနှစ်သာရကို ဒေသနေပြည်သူများ သိရှိနားလည်စေရန်၊

(စ) သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူလူထု အသိပညာမြှင့်တင်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို တိုးတက်ရရှိစေရန်၊

(ဆ) ရာသီဥတုမျှတ ကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန်၊

(ဇ) သဲကန္တာရဖြစ်ထွန်းမှုကို ကာကွယ်တားဆီးရန်၊

၃-၄။ <u>ဆောင်ရွက်ရန်လုပ်ငန်းတာဝန်များ</u>

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဌာနသည် အပူပိုင်းဒေသရှိ သတ်မှတ်နယ်မြေများအတွင်း အောက်ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

(က) စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးစိုက်ခင်းများ တည်ထောင်ခြင်း၊

(ခ) စိမ်းလန်းစိုပြည်ရေးနှင့် ဒေသထောက်ပံ့ရေးအတွက် တောကျန်များကို သဘာဝနည်းဖြင့် ထိန်းသိမ်းပြုစုခြင်း၊

(ဂ) ရေဝေတောများ ထိန်းသိမ်းခြင်း၊ စိုက်ပျိုးပြုစုခြင်း၊

(ဃ) ရေရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ကက) နှန်းတားဆည်များ တည်ဆောက်ခြင်း၊

(ခခ) ကန်ငယ်၊ ဆည်ငယ်များ တည်ထောင်ခြင်း၊

(ဂဂ) မြစ်ရေနှင့် မြေအောက်ရေရရှိရေး ဆောင်ရွက်ခြင်း၊

(င) မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) သီးနှံရောနှောစိုက်ပျိုးခြင်း လုပ်ငန်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဆ) ကျေးလက်နေ ပြည်သူများအတွက် တိုးချဲ့ပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဇ) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ကက) သစ်တောလမ်း၊ တံတားများနှင့် အဆောက်အဦများ တည်ဆောက်ခြင်း၊

(ခခ) ကျေးလက်နေပြည်သူများအတွက် ဝင်ငွေတိုး လုပ်ငန်းများ၊

(ည) စိမ်းလန်းစိုပြည်ရေးစိုက်ခင်းနှင့် သဘာဝတောများအတွင်း ဖြစ်ပွားသည့် သစ်တောပြစ်မှု များကို ကာကွယ်ဖမ်းဆီးခြင်း၊

အထက်ဖော်ပြပါ လုပ်ငန်းများကို အောက်ပါအတိုင်း လုပ်ငန်းတာဝန်ကြီး ၄–ရပ် အဖြစ် အနှစ်ချုပ်ဖော်ပြနိုင်ပါသည်။

(က) သစ်တောစိုက်ခင်းတည်ထောင်ခြင်း၊

(ခ) သဘာဝတောကျန်များကို ထိန်းသိမ်းခြင်း၊

(ဂ) ထင်းအစားထိုး လောင်စာ ရှာဖွေဖော်ထုတ်သုံးစွဲစေခြင်း၊

(ဃ) ရေရရှိရေးဆောင်ရွက်ခြင်း၊

၃-၅။ <u>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လိုက်နာကျင့်သုံးရမည့် သစ်တောမူဝါဒနှင့် ဥပဒေများ</u>

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ပိုမိုအရှိန်မြင့်တင်ပြီး အချိန်ပြည့် လုပ်ကိုင်နိုင်ရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန တစ်ခုအဖြစ် သီးခြား ဖွဲ့စည်း ခဲ့သော်လည်း လုပ်ငန်းသဘောအရ လည်းကောင်း၊ ဝန်ထမ်းများသည် သစ်တောဦးစီးဌာန၏ ဝန်ထမ်းများပင်ဖြစ်၍ လည်းကောင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တော ဦးစီးဌာန၏ ကိုယ်ခွဲ ဦးစီးဌာန တစ်ခုသာ ဖြစ်ပါသည်။

ထို့ကြောင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အတွက် သီးခြားမူဝါဒနှင့် ဥပဒေများ ပြုစုပြဌာန်းခြင်း မပြုဘဲ၊ သစ်တောဦးစီးဌာန၏ သစ်တောမူဝါဒ၊ သစ်တောဥပဒေ နှင့်နည်းဥပဒေများ၊ တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေး ဥပဒေနှင့်နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် စည်းမျဉ်း စည်းကမ်းများကိုပင် လိုက်နာ ကျင့်သုံးရန် ဖြစ်ပါသည်။

၄င်းပြင် သစ်တောဦးစီးဌာနနည်းတူ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ၁၉၉၄ ခုနှစ် အတွင်း နိုင်ငံတော်အစိုးရ အဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် ၂၆/၉၄ ဖြင့် ထုတ်ပြန် ထားသော <u>မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ</u>နှင့် ၁၉၉၇ ခုနှစ်တွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ တည်းဖြတ်ထုတ်ဝေသော <u>မြန်မာ(၂၁)ရာစု အစီအစဉ်</u> (Myanmar Agenda 21) တွင် ဖော်ပြပါရှိသည့် မူဝါဒလမ်းညွှန်ချက်များကိုလည်း မိမိ ဦးစီးဌာန၏ မူဝါဒ လုပ်ငန်း လမ်းညွှန်ချက်များအဖြစ် ခံယူဆောင်ရွက် ရပါမည်။ <u>မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒမှာ</u> အောက်ပါအတိုင်း ဖြစ်ပါသည်။

> "နိုင်ငံတစ်နိုင်ငံ၏ ချမ်းသာကြွယ်ဝမှုသည် ယင်းနိုင်ငံ၏ ပြည်သူများ၊ ယဉ်ကျေးမှု အမွေအနှစ်များ၊ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတ ပစ္စည်းများပင် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ရေးရာ မူဝါဒရည်မှန်းချက်မှာ ပြည်သူတစ်ရပ်လုံး၏ လူနေမှုဘဝ အဆင့်အတန်းကို မြင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာ ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ခြင်း အားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမှုတို့ကို ရရှိစေရေးပင်ဖြစ်သည်။ နိုင်ငံတိုင်းသည် အခြား နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို မထိပါးစေရန် သို့မဟုတ် အကျိုး စီးပွားကို မထိခိုက်စေရန် အထူးအလေးထား၍ မိမိနိုင်ငံ၏ ပတ်ဝန်းကျင်ရေးရာ မူဝါဒများနှင့်အညီ မိမိနိုင်ငံပိုင် သဘာဝသယံဇာတ ပစ္စည်းများကို ထုတ်ယူ သုံးစွဲနိုင်သည့် အချုပ်အခြာ အာဏာပိုင်ခွင့် ရှိသည်။ ပစ္စုပ္ပန်နှင့် အနာဂါတ် မျိုးနွယ်ဆက်များ၏ အကျိုးငှါ သဘာဝ သယံဇာတ ပစ္စည်းများကို ကာကွယ်ထိန်းသိမ်းရေးသည် နိုင်ငံတော်နှင့် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရေးရာ ကာကွယ်စောင့်ရှောက်မှုကို ပဓာနကျသော ရည်မှန်းချက်အဖြစ် ထာဝစဉ် ထားရှိရမည် ဖြစ်သည်။"

၃-၆။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် တားမြစ်ချက်များ

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောဦးစီးဌာန၏ ကိုယ်ပွားဖြစ်၍ သစ်တောဦးစီးဌာန၏ တည်ဆဲမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အသုံးပြုရန် ဖြစ်သော်လည်း ဦးစီးဌာန နှစ်ခု၏ လုပ်ငန်းများထပ်ပြီး ရှုပ်ထွေးမှုများ မဖြစ်စေရန်လည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ၎င်း၏ အဓိက ရည်မှန်းချက်ဖြစ်သော စိမ်းလန်းစိုပြည်ရေးကို အချိန်ပြည့်၊ အင်အားပြည့် လုပ်ဆောင်နိုင်ရန်အတွက်လည်းကောင်း၊ သစ်တောလုပ်ငန်း၊ လုပ်ပိုင်ခွင့် အချို့ကို ကန့်သတ်ထားပါသည်။

(က) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သဘာဝတောကျန်များကို သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိန်းသိမ်းခြင်း၊ တိုးတက်ကောင်းမွန်စေရန် ပြုစုခြင်းများ ပြုလုပ်ရပါမည်။ သို့ရာတွင် သစ်တော နယ်မြေများ တိုးချဲ့ခြင်း (ကြိုးဝိုင်းတော၊ ကြိုးပြင် ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများဖွဲ့စည်းခြင်း) မပြုလုပ်နိုင်ပါ။ တိုးချဲ့လိုပါက သက်ဆိုင်ရာ နယ်မြေ သစ်တောဦးစီးဌာနကို တင်ပြ၍၊ သစ်တောဦးစီးဌာနက ဖွဲ့စည်းပေးရပါမည်။

(ခ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တော စိုက်ခင်းများ တည်ထောင်ရပါမည်။ သို့ရာတွင် ရေမြေသဘာဝဝန်းကျင် ထိန်းသိမ်းရေး စိုက်ခင်း၊ ဒေသထောက်ပံ့ရေးစိုက်ခင်းနှင့် ကျေးရွာထင်း စိုက်ခင်းများကိုသာ တည်ထောင်ခွင့် ရှိပါသည်။ စီးပွားရေး စိုက်ခင်းနှင့် စက်မှုကုန်ကြမ်း စိုက်ခင်းများ တည်ထောင်ခွင့် မရှိပါ။

(ဂ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခွင့် မပြုနိုင်ပါ၊ တည်ထောင်ခွင့်ပြုလိုပါက သက်ဆိုင်ရာ ဒေသသစ်တောဦးစီးဌာနကို တင်ပြပြီး သစ်တောဦးစီးဌာနက ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ခွင့်ပြုပေးရပါမည်။

(ဃ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်နှင့်သစ်တောထွက် ပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း၊ သယ်ယူခွင့်ပြုခြင်း မပြုလုပ်နိုင်ပါ။

(င) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် မီးသွေးဖို တည်ထောင်ခွင့်နှင့် မီးသွေးဖုတ်ခွင့် မပြုနိုင်ပါ။

(စ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ရေမျော ကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့ သစ်များကို စီမံခန့်ခွဲပိုင်ခွင့်မရှိပါ။

(ဆ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်စက်များနှင့် သစ်အခြေခံ အသုံးပြုသည့် စက်ရုံများ တည်ထောင်ခွင့် မပြုနိုင်ပါ။

(ဇ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောပြစ်မှုများကို ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်းတို့ ပြုလုပ်နိုင်ပါသည်။ သို့ရာတွင် သစ်တောပြစ်မှုများကို စီမံခန့်ခွဲရေးနည်းလမ်း

အရ အရေးယူခြင်း သော်လည်းကောင်း၊ တရားရုံးတွင် တရားစွဲဆိုခြင်း သော်လည်းကောင်း၊ ပြုလုပ်ခွင့် မရှိပါ။ ဖမ်းဆီးရမိသော သစ်တောပြစ်မှုများကို အပြစ်ပေး အရေးယူရန်အတွက် သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရပါမည်။

(ဈ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောရေးရာမူဝါဒကို အကောင်အထည် ဖော်ရပါမည်။

(ည) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ရေ၊ မြေ၊ ဇီဝမျိုးစုံနှင့် သဘာဝ ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တောဖုံးလွှမ်းသည့် နယ်မြေများထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ရေရရှိရေး၊ ထင်းအစားထိုးလောင်စာမြှင့်တင်ရေးတို့နှင့် စပ်လျဉ်းသည့် စီမံကိန်းများကို ရေးဆွဲ အကောင် အထည် ဖော်ရပါမည်။

(ဋ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောပညာရပ်နှင့် စပ်လျဉ်းသော သင်တန်းများ ဖွင့်လှစ်ရေး၊ ပြည်ပသို့ သစ်တောပညာရပ်ဆိုင်ရာ ပညာသင်များ စေလွှတ်ရေး တို့ကို စီစဉ်ဆောင်ရွက်ရပါမည်။

(ဌ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောသုတေသန လုပ်ငန်း များ ဆောင်ရွက် ရပါမည်။

## ၄။ မြန်မာ့သစ်တောမူဝါဒ

### ၄-၁။ <u>၁၉၉၅ ခုနှစ် မတိုင်မီ မြန်မာ့ သစ်တောမူဝါဒ</u>

မြန်မာ့သစ်တောများကို မြန်မာမင်းများလက်ထက် ကုန်းဘောင်ခေတ်ဦးပိုင်းမှစ၍၊ ကျွန်းသစ်ကို "တော်ဝင်သစ်" အဖြစ် သတ်မှတ်ပြီး စီမံအုပ်ချုပ်ခဲ့သော်လည်း၊ ဂျာမန်လူမျိုး ရုက္ခဗေဒ ပညာရှင် ဒေါက်တာ ဘရန်းဒစ်(Dr. Dietrich Brandis) မြန်မာနိုင်ငံသို့ ရောက်ရှိပြီး ပဲခူးရိုးမ သစ်တောများကို စတင် တာဝန်ယူ အုပ်ချုပ်သည့် ၁၈၅၆ ခုနှစ် မှစ၍၊ မြန်မာနိုင်ငံတွင် သိပ္ပံနည်းကျ သစ်တောအုပ်ချုပ်မှုစနစ် စတင်ခဲ့သည်ဟု အသိအမှတ်ပြုကြပါသည်။

အင်္ဂလိပ်လက်ထက် လွတ်လပ်ရေးမရရှိမီ ၁၉၄၈ခုနှစ် အထိ လည်းကောင်း နယ်ချဲ့ အင်္ဂလိပ်တို့ထံမှ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၉၅ခုနှစ် မတိုင်မီအထိ လည်းကောင်း မြန်မာ နိုင်ငံတွင် နိုင်ငံတော်အစိုးရမှ တရားဝင် ပီပီပြင်ပြင် ရေးဆွဲချမှတ်သော သစ်တောမူဝါဒဟူ၍ မရှိခဲ့ပါ။ နိုင်ငံတော်အစိုးရ၏ နှစ်တို-နှစ်ရှည် စီမံကိန်းတွင် ချမှတ်သော သစ်တောကဏ္ဍဆိုင်ရာ ရည်မှန်းချက်များကို သစ်တောမူဝါဒ လမ်းညွှန်အဖြစ် ခံယူကျင့်သုံးခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ၁၉၉၅ ခုနှစ် မတိုင်မီက ကျင့်သုံးခဲ့သော သစ်တောမူဝါဒတွင် အဓိကအချက် (၃)ချက် ရှိရာ၊ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) နိုင်ငံတော်၏ မြေ သယံဇာတများ ပျက်စီးမှု မဖြစ်ပေါ်စေရန် သစ်တောဖုံးလွှမ်းမှုဖြင့် ကာကွယ် ပေးရန်၊

(ခ) သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲမှု ပြုနိုင်ရန်၊

(ဂ) ပြည်သူလူထု၏ ကျန်းမာရေးနှင့် အပန်းဖြေ နားနေမှုအတွက် သစ်တောများက အထောက်အကူ ပြုနိုင်စေရန်၊

အဆိုပါသစ်တောမူဝါဒမှာ မြန်မာနိုင်ငံတွင် သစ်တောများ ထာဝစဉ် တည်ရှိရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် ပြည့်စုံလုံလောက်မှု မရှိတော့သဖြင့် ခေတ်စနစ်နှင့် ကိုက်ညီမည့် သစ်တောမူဝါဒ အသစ်ကို ရေးဆွဲထုတ်ပြန်ရန် လိုအပ်လာခဲ့ပါသည်။ သို့ဖြစ်၍ သစ်တောရေးရာဝန်ကြီးဌာနသည် ၁၉၉၅ ခုနှစ် တွင် မြန်မာ့သစ်တောမူဝါဒ အသစ်ကို ရေးသားပြုစု ခဲ့ပါသည်။

၄-၂။ <u>၁၉၉၅ ခုနှစ် မြန်မာ့သစ်တောမူဝါဒ</u>

မြန်မာနိုင်ငံ၏ သစ်တောသယံဇာတများသည် အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဝန်းကျင် ထာဝစဉ်တည်ငြိမ်ရေးနှင့် ဂေဟစနစ်များ မျှတရေးတို့ကို ထိရောက်စွာ အကျိုးပြုနိုင်ရန်အတွက် မြန်မာ့သစ်တောမူဝါဒကို ကုလသမဂ္ဂ သဘာဝဝန်းကျင်နှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ညီလာခံတွင် အတည်ပြု ခဲ့ကြသည့် သစ်တောအခြေခံမူများနှင့်အညီ သဘာဝဝန်းကျင် ထိန်းသိမ်းရေးနှင့် ထာဝစဉ်ဖွံ့ဖြိုး တိုးတက်ရေး ယေဘုယျဘောင်တို့ကို လွှမ်းခြုံ၍ ချိန်ခွင်လျှာ ညီမျှစေရန် ပြုစုရေးသားပြီး၊ သစ်တောရေးရာ ဝန်ကြီးဌာနက နိုင်ငံတော် အစိုးရအဖွဲ့ထံ တင်ပြ ခဲ့ပါသည်။ အဆိုပါ တင်ပြချက်အား ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၇/၉၅)မှ သဘောတူခဲ့သဖြင့် မြန်မာ့သစ်တောမူဝါဒ ၁၉၉၅၊ မူဝါဒ သဘောထားကြေငြာချက်ကို သစ်တောရေးရာဝန်ကြီးဌာနက ၁၉၉၆ခုနှစ်၊ ဖေဖော်ဝါရီလ(၂၃)ရက်နေ့တွင် အမိန့်ကြော်ငြာ စာအမှတ် ၂၁/၉၆ ဖြင့် ထုတ်ပြန် ခဲ့ပါသည်။

၄-၂-၁။ <u>ပဓာနကျသော အချက်များ</u>

၁၉၉၅ ခုနှစ်၊ မြန်မာ့သစ်တောမူဝါဒတွင် နိုင်ငံတော်အစိုးရ အနေဖြင့် ကြီးမား ကျယ်ပြန့်သော အမျိုးသား ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီစွာ ဖော်ဆောင်နိုင်ရန် အလို့ငှါ အဆင့်အမြင့်ဆုံး ဦးစားပေး၍ အကောင်အထည်ဖော်ရမည့် ပဓာနကျသော အချက်(၆)ချက်ကို ဖော်ထုတ်ထားပါသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) **ကာကွယ်ခြင်း (Protection)**–ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(ခ) **ထာဝစဉ်တည်တံ့စေခြင်း (Sustainability)**– လက်ရှိပြည်သူလူထုနှင့် နောင်လာ နောက်သားများပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက် မပြတ်ခံစား

နိုင်ကြစေရန်နှင့် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ် တည်တံ့စေရေးအတွက် ထိန်းသိမ်းရမည်။

(ဂ) **အခြေခံစားဝတ်နေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း (Basic Needds)–** ပြည်သူ လူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကိုဖြည့်ဆည်းပေးရမည်။

(ဃ) **စွမ်းဆောင်ရည် တိုးတက်မြင့်မားစေခြင်း (Efficiency)–** သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝ အသုံးချနိုင်ရန် စီမံရမည်။

(င) **ပြည်သူတို့က ပူးပေါင်းပါဝင် ဆောင်ရွက်လာစေခြင်း (Participation)–** သစ်တောများ ပြုစု ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာ လုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်း ပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(စ) **ပြည်သူအတွင်း နိုးကြားတက်ကြွသည့်အသိ ရှင်သန်နေစေခြင်း (Public Awareness)–** နိုင်ငံတော်၏ လူမှု စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများသည် အဓိက အခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့်အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

အထက်ဖော်ပြပါ ပဓာန အချက်(၆)ရပ်သည် မြန်မာ့သစ်တောမူဝါဒ၏ အမြုတေဖြစ်ပြီး သစ်တောမူဝါဒ၏ ရည်ရွယ်ချက်များကို ချမှတ်ရန်နှင့် ယင်းရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် လိုအပ်သော မဟာဗျူဟာများ ဖော်ထုတ်ရန် ခိုင်မာသော အခြေခံ အုတ်မြစ်လည်း ဖြစ်ပါသည်။

၄-၂-၂။ <u>ရည်ရွယ်ချက်များ</u>

မူဝါဒတွင် ချမှတ်သော ရည်ရွယ်ချက်များသည် တွေ့ကြုံရသော အခက်အခဲများကို နည်းသွားစေရန် သို့မဟုတ် ကျော်လွှားနိုင်ရန်နှင့် သစ်တောကဏ္ဍထာဝစဉ် ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။

အောက်တွင် ဖော်ပြပါအတိုင်း မူဝါဒရည်ရွယ်ချက်စုစုပေါင်း ၁၀–ခု ဖော်ထုတ်ထားပါသည်။

က။ <u>မြေအသုံးချမှု</u>

မြေဆီလွှာ ဆုတ်ယုတ်မှု အနည်းဆုံးဖြင့် အကျိုးအမြတ်အများဆုံး ဖြစ်ထွန်းစေမည့် မြေအသုံးချမှု စနစ်တစ်ရပ် ဖော်ထုတ်ရန်၊ မမှန်ကန်သည့်

မြေအသုံးချမှု စနစ်များကို ပပျောက်စေရန်နှင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်ခြင်းကို လျော့နည်းပပျောက်စေရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ခ။ ကာကွယ်ခြင်းနှင့် စီမံအုပ်ချုပ်ခြင်း

ရေ၊မြေ၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ထိန်းသိမ်း၍ နိုင်ငံတော်နှင့် လူမျိုးအတွက် လူမှုရေးနှင့် သဘာဝဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူး အများဆုံး ရရှိစေရန်အတွက်၊ သစ်တောများ ထာဝစဉ် တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး စီမံ အုပ်ချုပ်မှု စနစ်ကို အကောင်အထည်ဖော်နိုင်စေခြင်းငှါ အမြဲတမ်း သစ်တော မြေများ တိုးချဲ့ဖွဲ့စည်းရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ဂ။ သစ်တောမျိုးဆက်ခြင်းနှင့် သစ်တောတည်ထောင်ခြင်း

သဘာဝတောများမှ တောထွက်အကောင်းဆုံး ရရှိစေရန်အတွက် မျိုးဆက်ခြင်းနှင့် ပြုစုခြင်း လုပ်ငန်းများဖြင့် ကောင်းမွန်သော သစ်တော ဖွံ့ဖြိုးရေး အစီအစဉ်များ ချမှတ် ဆောင်ရွက်ရန်နှင့် စက်မှုလုပ်ငန်း လိုအပ်လျက်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ရန်အတွက် သစ်တောပျက်စီးနေသော နေရာများနှင့် ယာမြေများတွင် ဘက်စုံသုံး သစ်မျိုးများ စိုက်ပျိုးခြင်းကို အားပေးရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဃ။ သစ်တောအခြေခံသည့် စက်မှုလုပ်ငန်း၊ ဈေးကွက်နှင့် ကုန်သွယ်မှု

သစ်အခြေခံစက်မှု လုပ်ငန်းများကို မြှင့်တင်ရန်၊ ပြည်တွင်းတွင် သစ်အချောထည် လိုအပ်ချက်ကို ပြည်တွင်းသစ်အချောထည် လုပ်ငန်းများမှ လုံလောက်စွာ ဖြည့်ဆည်းနိုင်ရန်၊ ပြည်ပဈေးကွက် ရရှိစေရန်၊ ကျေးရွာလူထု အပိုဝင်ငွေရရှိစေရေးအတွက် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ထုတ်ယူ၍ အသေးစားကျေးရွာ သစ်တောအခြေခံစက်မှု လုပ်ငန်းများကို ထောက်ပံ့ပေးရန်နှင့် ဒေသခံပြည်သူများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

င။ သစ်တောသုတေသန

သဘာဝတောနှင့် စိုက်ခင်းအမျိုးမျိုး၏ သစ်ထွက်တိုးတက်စေရန် လည်းကောင်း၊ သစ်တောကဏ္ဍ ထာဝစဉ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ပြုနိုင်ရန်အတွက် လည်းကောင်း၊ သစ်တောနှင့်လူမှု

စီးပွားရေးဆိုင်ရာ ပြဿနာများကို ဦးတည်သော သုတေသနလုပ်ငန်းကို မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

စ။ <u>သစ်တောစီမံကိန်းရေးဆွဲခြင်း</u>

သစ်တောသယံဇာတများ ထုတ်လုပ်ခြင်း၊ ကုန်ချောထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းနှင့် ဂေဟစနစ် ထိန်းသိမ်းခြင်း တို့တွင် ထာဝစဉ်ဖွံ့ဖြိုး တိုးတက်မှု ရရှိစေရေးအတွက် သစ်တောကဏ္ဍ ဖွံ့ဖြိုးမှု စီမံကိန်းများ ရေးဆွဲရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဆ။ <u>ကဏ္ဍအချင်းချင်း ညှိနှိုင်းဆောင်ရွက်ခြင်း</u>

သစ်တောဖွံ့ဖြိုးရေးနှင့် ပတ်သက်သော အပြည်ပြည်ဆိုင်ရာ အဖွဲ့ အစည်းများ အပါအဝင်၊ သစ်တောကဏ္ဍအပေါ် အကျိုးသက်ရောက်မှုရှိသော စီးပွားရေးဆိုင်ရာ ကဏ္ဍအားလုံး အချင်းချင်း လုံလောက်ထိရောက်စွာ ကူညီပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဇ။ <u>အဖွဲ့အစည်းများအတွင်း စွမ်းဆောင်ရည်ခိုင်မာစေခြင်း</u>

သစ်တောဆိုင်ရာ အခြေခံရည်မှန်းချက် ပန်းတိုင်များ၊ သဘာဝဝန်းကျင် ကာကွယ်ခြင်းနှင့် သစ်တောများမှလည်းကောင်း၊ သစ်တောလုပ်ငန်းများမှ လည်းကောင်း၊ တိုးတက်ရရှိ နိုင်မည့် အကျိုးအမြတ်များကို ဖွဲ့စည်းပုံတွင် ထင်ဟပ်စေရန်နှင့် ပြောင်းလဲနေသော လိုအပ်ချက်များကို ဖြည့်ဆည်း နိုင်ရေးအတွက် သစ်တောကဏ္ဍဆိုင်ရာအဖွဲ့အစည်းကို အရေအတွက်သာမက အရည်အချင်းပါ မြှင့်တင်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ဈ။ <u>ဘတ်ဂျက်နှင့် ဘဏ္ဍာရေး</u>

အမျိုးသား သစ်တောမူဝါဒ၏ ရည်မှန်းချက် ပန်းတိုင်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သစ်တော ကဏ္ဍတွင် လုံလောက်သော ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိန်းသိမ်းထားရှိရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

ည။ <u>ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် ပြည်သူတို့၏ နိုးကြားတက်ကြွသည့်အသိ၊</u>

သစ်တောကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်စေရန်နှင့် သစ်တောကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုတိုးတက် မြင့်မားလာပြီး ပိုမိုနိုးကြား တက်ကြွလာစေရေးအတွက် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများ ဆောင်ရွက်ရန် ရည်ရွယ်ခြင်း ဖြစ်ပါသည်။

၄-၂-၃။ <u>မူဝါဒလုပ်ငန်းများ၊ မဟာဗျူဟာများနှင့် လုပ်ငန်းများ</u>

အထက်ဖော်ပြပါ မူဝါဒ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန်အတွက်၊ ရည်ရွယ်ချက်အလိုက် လိုက်နာဆောင်ရွက်ရမည့် မူဝါဒလုပ်ငန်းများ (policy measures)၊ မဟာဗျူဟာများ(strategies) နှင့် လုပ်ငန်းများ (actions)ကို မြန်မာ့သစ်တော မူဝါဒ(၁၉၉၅)တွင် အသေးစိတ် ဖော်ပြထားပါသည်။ (Myanmar Forest Policy 1995 ရှုပါ)။

## ၅။ ၁၉၉၂ ခုနှစ် သစ်တောဥပဒေ

၁၉၀၂ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် သစ်တောဥပဒေ (The Forest Act. 1902)သည် ၁၉၉၂ခုနှစ်တွင် နှစ်ပေါင်း(၉၀)နှစ် ကြာမြင့်ခဲ့ပြီဖြစ်ရာ အချိန်အခါ အခြေအနေနှင့် ညီညွတ်စေရန်အတွက် သစ်တောဥပဒေကို အသစ်ပြန်လည်ရေးဆွဲရန် ဝန်ကြီး၊ သစ်တောရေးရာဝန်ကြီးဌာနက သစ်တောဥပဒေရေးဆွဲရေးကော်မတီ တစ်ခုကို ဖွဲ့စည်းတာဝန်ပေးခဲ့ပါသည်။ ယင်းကော်မတီက ပြုစုတင်ပြသော သစ်တောဥပဒေမူကြမ်းကို သစ်တောရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတော်ရှေ့နေ ချုပ်ရုံးတို့က စိစစ်ပြီး လိုအပ်သည်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ထံ တင်ပြခဲ့ရာ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် သစ်တောဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ဥပဒေအမှတ် ၈/၉၂)ကို ၁၉၉၂ခုနှစ် နိုဝင်ဘာလ(၃)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

၁၉၉၂ခုနှစ်၊ သစ်တောဥပဒေကို အောက်ပါ အခြေခံမူများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖော်ပြထားပါသည်။(သစ်တောဥပဒေ ပုဒ်မ–၃)။

(က) အစိုးရ၏ သစ်တောရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရ၏ သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) အစိုးရ၏ သစ်တောရေးရာမူဝါဒနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ) သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူပြုစေရန်နှင့် စဉ်ဆက်မပြတ်အကျိုးစီးပွား ခံစားနိုင်စေရန်၊

(င) သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သဘာဝဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(စ) သစ်တောနှင့် ဇီဝမျိုးများ ပြုန်းတီးခြင်း၊ မီးလောင်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် အပင်ရောဂါ ကျရောက်ခြင်း ဘေးအန္တရာယ်တို့မှ ထိန်းသိမ်းကာကွယ်ရန်၊

(ဆ) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေးတို့ကို တစ်ပြိုင်တည်း ဆောင်ရွက်ရန်၊

(ဇ) ပြည်တွင်း လောင်စာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်၊

၅-၁။ <u>သစ်တောဥပဒေတွင် ပါဝင်သော အခန်းများ၊ ပုဒ်မများနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အခွင့်အာဏာ၊</u>

သစ်တောဥပဒေကို နိုင်ငံတော်မှ အတည်ပြုပြဋ္ဌာန်းစဉ်က အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မဖွဲ့စည်းရသေးသည့်အတွက်၊ ဥပဒေတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန မပါဘဲ သစ်တောဦးစီးဌာနကိုသာ ရည်ညွှန်းထားပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကို ဖွဲ့စည်းသည့်အခါ သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် အပူပိုင်းဒေသအတွင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့၏ လုပ်ပိုင်ခွင့်များကို ခွဲခြားသတ်မှတ် ထားခဲ့ပါသည်။

သစ်တောဦးစီးဌာနသည် တစ်နိုင်ငံလုံး၏ သစ်တောများနှင့် သားရိုင်းတိရစ္ဆာန်များကို စီမံအုပ်ချုပ် ရသည့်အတွက်၊ သစ်တောဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးသည် သစ်တောဦးစီးဌာနနှင့် သက်ဆိုင်သော်လည်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သတ်မှတ်ထားသော အပူပိုင်းဒေသအတွင်း ဝန်ကြီး၏ အမိန့်အာဏာ (Mandate)အရ ကန့်သတ်ထားသော လုပ်ငန်းများကိုသာ တာဝန်ယူရသည့်အတွက်၊ ဥပဒေပါ ပြဋ္ဌာန်းချက်အချို့နှင့်သာ သက်ဆိုင်ပါသည်။

သစ်တောဥပဒေ အခန်းနှင့် ပုဒ်မအလိုက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်း ရှိ/မရှိကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

သစ်တောဥပဒေတွင် အခန်း(၁၃)ခန်းနှင့် ပုဒ်မ ၅၈-ခုပါဝင်ပါသည်။

၁။ <u>အခန်း(၁)၊ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်</u> (ပုဒ်မ ၂ခု ပါဝင်ပါသည်)

ညွှန်ကြားရေးမှူးချုပ် (ပုဒ်မ ၂-ဏ)နှင့် သစ်တောဝန်ထမ်း (ပုဒ်မ ၂-ထ) တို့၏ အဓိပ္ပါယ် ဖွင့်ဆိုချက်များကို ဆီလျော်အောင် ပြန်လည်ပြုပြင်ရန် လိုအပ်ပါသည်။

၂။ အခန်း(၂)၊ အခြေခံမူများ (ပုဒ်မ ၁-ခုပါဝင်ပါသည်)

သစ်တောဥပဒေကို အကောင်အထည်ဖော်ရာတွင် အခြေခံရမည့်မူ ၈-ချက်ကို ဖော်ပြထားရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့်လည်း အားလုံး သက်ဆိုင်ပါသည်။

၃။ အခန်း(၃)၊ ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေငြာခြင်း (ပုဒ်မ၅-ခုပါဝင်ပါသည်)

အကြောင်းအရာပါလုပ်ငန်းများကို သစ်တောဦးစီးဌာနကသာ လုပ်ကိုင်ရန်ဖြစ်၍၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါ။

၄။ အခန်း(၄)၊ သစ်တောနယ်မြေ စီမံခန့်ခွဲရေး (ပုဒ်မ၄-ခုပါဝင်ပါသည်)

ပုဒ်မ ၉(ဃ)နှင့် (စ)မှ တပါး၊ ကျန်ပုဒ်မများသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ပါသည်။

၅။ အခန်း(၅)၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်း(ပုဒ်မ၄-ခုပါဝင်ပါသည်)

ပုဒ်မ ၁၃(က)နှင့် (ခ) မှ တပါး ကျန်ပုဒ်မခွဲများသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန နှင့် သက်ဆိုင်ပါသည်။ ကျန်ပုဒ်မများသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန နှင့် သက်ဆိုင်ခြင်း မရှိပါ။

၆။ အခန်း(၆)၊ သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်(ပုဒ်မ ၆-ခု ပါဝင်ပါသည်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါ။

၇။ အခန်း(၇)၊ သစ်တောထွက်ပစ္စည်းသယ်ယူရွှေ့ပြောင်းခြင်း (ပုဒ်မ ၄-ခု ပါဝင်ပါသည်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါ။

၈။ အခန်း(၈)၊ ရေမျောကမ်းတင်သစ်နှင့် ပိုင်ရှင်မဲ့သစ်များ စီမံခန့်ခွဲခြင်း (ပုဒ်မ ၃-ခု ပါဝင်ပါသည်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါ။

၉။ အခန်း(၉)၊ သစ်အခြေခံ အသုံးပြုသည့် စက်ရုံတည်ထောင်ခြင်း (ပုဒ်မ၂-ခု ပါဝင်ပါသည်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါ။

၁၀။ <u>အခန်း(၁၀)၊ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း</u> (ပုဒ်မ၅-ခုပါဝင်ပါသည်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါ။

၁၁။ <u>အခန်း(၁၁)၊ အယူခံခြင်း</u>(ပုဒ်မ၃-ခုပါဝင်ပါသည်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါ။

၁၂။ <u>အခန်း(၁၂)၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ</u> (ပုဒ်မ၉-ခုပါဝင်ပါသည်)

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သက်ဆိုင်ခြင်းမရှိပါ။

၁၃။ <u>အခန်း(၁၃)၊ အထွေထွေ</u> (ပုဒ်မ၁၀-ခုပါဝင်ပါသည်)

ပုဒ်မ ၅၇(ခ)အရ ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်နှင့် အမိန့်ကြော်ငြာစာတို့ကို ထုတ်ပြန်နိုင်ပါသည်။

ကျန်သော ပုဒ်မများသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် တိုက်ရိုက် မသက်ဆိုင်ပါ။

## ၆။ တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ

၁၉၃၆ ခုနှစ်က ပြဋ္ဌာန်းခဲ့သော တောရိုင်းတိရစ္ဆာန် ကာကွယ်ရေးဥပဒေ (The Wild Life Protection Act 1936)မှာ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ တိရစ္ဆာန်များနှင့် ဘေးမဲ့တောပြင်ပရှိ တောရိုင်းတိရစ္ဆာန်အချို့ကိုသာ အကာအကွယ်ပေးသော ဥပဒေဖြစ်ပါသည်။ ယခုအခါ ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်ရန်လိုအပ်ခြင်း၊ မျိုးသုဉ်းမည့် အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ် ထိန်းသိမ်းရန် လိုအပ်ခြင်း၊ သစ်တောမူဝါဒအရ သဘာဝနယ်မြေများကို နိုင်ငံတော်ဧရိယာ၏ ၅% အထိ တိုးချဲ့ဖွဲ့စည်းပြီး ထိန်းသိမ်းရန်လိုအပ်ခြင်း စသည့်အကြောင်းများကြောင့် ၁၉၃၆ ခုနှစ် တောရိုင်း တိရစ္ဆာန်ကာကွယ်ရေး ဥပဒေကို ဥပဒေအသစ်တစ်ခုဖြင့် အစားထိုးရန် လိုအပ်လာပါသည်။ သို့ဖြစ်၍ သစ်တောဦးစီးဌာနသည် ၁၉၉၄ ခုနှစ်တွင် တောရိုင်း တိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ (မူကြမ်း) ကို ရေးဆွဲပြီး သစ်တောရေးရာဝန်ကြီးဌာနသို့ တင်ပြခဲ့ပါသည်။ ယင်းဥပဒေမူကြမ်းကို သစ်တောရေးရာဝန်ကြီးဌာနနှင့် နိုင်ငံတော်ရှေ့နေချုပ်ရုံးတို့က စိစစ်ပြီး လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်၍

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ထံ တင်ပြခဲ့ရာ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄)ကို ၁၉၉၄ခုနှစ်၊ ဇွန်လ(၈)ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်(ဥပဒေ ပုဒ်မ ၃)။

(က) အစိုးရ၏ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရ၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ သက်ရှိသက်မဲ့ ဖွဲ့စည်းမှုများနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသော ငှက်များကို ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် အညီ ဆောင်ရွက်ရန်၊

(ဃ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(င) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူ ဖြစ်စေရန်၊

(စ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်၊

၁၉၉၄ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေတွင် အခန်း(၁၂)ခန်း ပါရှိပါသည်။ အခန်း(၁) အမည်နှင့် အဓိပ္ပါယ် ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်၊ အခန်း(၃) ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄) သဘာဝနယ်မြေများသတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့်ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်း၊ အခန်း(၅) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ အခန်း(၆) အမဲလိုက်ခြင်း၊ အခန်း(၇) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်၊ အခန်း(၈) မှတ်ပုံတင်ခြင်း၊ အခန်း(၉) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ အခန်း(၁၀) အယူခံခြင်း၊ အခန်း(၁၁) ပြစ်မှုနှင့်ပြစ်ဒဏ်များနှင့် အခန်း(၁၂)အထွေထွေတို့ ပါရှိပါသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေများ၊ ကာကွယ်တောများ၊ ဥယျာဉ်များနှင့် ဘေးမဲ့တောများ စသည်တို့ ဖွဲ့စည်းရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအား လုပ်ပိုင်ခွင့် ပေးမထားသည့် အပြင် အပူပိုင်းဒေသအတွင်း သဘာဝထိန်းသိမ်းရေး နယ်မြေများ ရှိလျှင်လည်း သစ်တောဦးစီးဌာန၏ စီမံကွပ်ကဲမှု အောက်တွင်ပင် ရှိမည်ဖြစ်၍၊ ယင်းဒေသအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းဥပဒေနှင့်အညီ သစ်တောဦးစီးဌာနမှ စီမံခန့်ခွဲရန်ဖြစ်ပါသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေပြင်ပရှိ အပူပိုင်းဒေသ အတွင်းတွင် ရှိသော တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို ကာကွယ်ထိန်းသိမ်းရန်အတွက် ဥပဒေအရ သစ်တောဦးစီးဌာနတွင်သာ တာဝန်ရှိပြီး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင်သာ တာဝန်မရှိ ဖြစ်နေပါသည်။ ဥပဒေတွင် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် သဘာဝနယ်မြေများ ကာကွယ်ထိန်းသိမ်းရေးအတွက် သစ်တောဦးစီးဌာနကိုသာ တာဝန်ပေးထားပြီး၊ တည်ဆဲ ညွှန်ကြားချက်များဖြင့်လည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနကို တာဝန်ပေးမထားသည့်အတွက် ဖြစ်ပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ဥပဒေ၏ အထက်တွင် ဖော်ပြပါ ရည်ရွယ်ချက်များ (က) မှ (စ) အနက် (က) မှ (င) အထိ အကောင်အထည်ဖော်ဆောင်ခြင်းကို သက်ဆိုင်ရာကဏ္ဍမှ တာဝန်ယူရမည် ဖြစ်ပါသည်။ သို့သော် ဥပဒေပါ ပြဌာန်းချက်များနှင့် အခွင့်အာဏာများကို အသုံးပြုပိုင်ခွင့် မရှိပါ။

အပူပိုင်းဒေသအတွင်းရှိ တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ထိန်းသိမ်းခြင်းလုပ်ငန်း ပိုမို ထိရောက်စေရန်အတွက်၊ ဥပဒေကို လိုအပ်သကဲ့သို့ ပြုပြင်ရန် သို့မဟုတ် ဝန်ကြီးမှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအား သင့်လျော်သော လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရန် လိုအပ်ပါသည်။

## ၇။ သစ်တောနည်းဥပဒေများ

သစ်တောဥပဒေကို ၁၉၉၂ခုနှစ်တွင် ပြဌာန်းခဲ့ပြီးနောက် သစ်တောဥပဒေ ပုဒ်မ၅၃ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ သစ်တောရေးရာဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၀၆/၉၅ဖြင့် သစ်တော နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါသည်။

ယင်းနည်းဥပဒေများတွင် အခန်း(၁) အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်၊ အခန်း(၂) ကြိုးဝိုင်းတောဖွဲ့စည်းခြင်းနှင့် ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေငြာခြင်း၊ အခန်း(၃) သစ်တောနယ်မြေ စီမံခန့်ခွဲခြင်း၊ အခန်း(၄) သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ အခန်း(၅) သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်၊ အခန်း(၆) သစ်တောထွက်ပစ္စည်း သယ်ယူရွှေ့ပြောင်းခြင်း၊ အခန်း(၇) ရေမျောကမ်းတင် သစ်များ စီမံခန့်ခွဲခြင်း၊ အခန်း(၈) ကိုယ်ပိုင်တံဆိပ်တုံးများကို မှတ်ပုံတင်ခြင်းနှင့် သစ်များကိုတံဆိပ်ရိုက်မှတ်ခြင်း၊ အခန်း(၉) သစ်သိုလှောင်ဆိပ်များ၊ အခန်း(၁၀) သစ်အခြေခံအသုံးပြုသည့် စက်ရုံ တည်ထောင်ခြင်း၊ အခန်း(၁၁) ရှာဖွေခြင်း။ ဖမ်းဆီးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း၊ အခန်း(၁၂)ပြစ်မှုနှင့် ပြစ်ဒါဏ်များ၊ အခန်း(၁၃) အထွေထွေ ဟူ၍ အခန်း(၁၃)ခန်း ပါရှိပါသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် အဆိုပါ သစ်တောနည်းဥပဒေများ(၁၉၉၅) အခန်း(၄) သစ်တောစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ နည်းဥပဒေ ၃၈၊ ၃၉ နှင့် ၄၀ တို့တွင် ဖော်ပြထားသော အခြေခံမူများနှင့်အညီ သဘာဝဝန်းကျင် ထိန်းသိမ်းရေး စိုက်ခင်းများ၊ ဒေသန္တရထောက်ပံ့ရေးစိုက်ခင်းများနှင့် ကျေးရွာထင်းစိုက်ခင်းများ အသီးသီးကို တည်ထောင်ရန် ဖြစ်ပါသည်။

## ၈။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူဖြစ်စေရန်၊ သဘာဝဝန်းကျင် တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရန်နှင့် မြန်မာ့သစ်တောမူဝါဒနှင့်အညီ ဒေသခံပြည်သူ လူထု၏ အခြေခံ စားဝတ်နေရေး လိုအပ်ချက်များကို ဖြေရှင်းရာ၌ အထောက်အကူဖြစ်စေရန်အတွက် ပြည်သူတို့က တက်ကြွစွာပူးပေါင်း ပါဝင်မှုဖြင့် သစ်တောမရှိသောနေရာများတွင် သစ်တောများ တည်ထောင်ရန်နှင့် သစ်တောများ ပြုန်းတီးသွားသောနေရာများတွင် သစ်တောများ ပြန်လည်ပြုစု ပျိုးထောင်ရန် အလျင်အမြန် လိုအပ်နေပြီဖြစ်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို သစ်တောဦးစီးဌာနက ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ကြေညာချက် အမှတ်(၁/၉၅)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုသည်မှာ ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပတ်သက်ပြီး ဒေသခံပြည်သူလူထု လိုအပ်ချက်ဖြစ်သော ထင်းနှင့် အခြားသစ်တောထွက် ပစ္စည်းများ မလုံလောက်သည့် ဒေသများတွင် သစ်တောအုပ်များ ထူထောင်ခြင်းနှင့် အစားအစာ၊ လူသုံးပစ္စည်းနှင့် ဝင်ငွေ ရရှိစေရန်အတွက် လယ်ယာအဆင့်တွင် သစ်ပင်များ စိုက်ပျိုးခြင်းနှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူ အသုံးချခြင်းကဲ့သို့သော သစ်တောလုပ်ငန်း တစ်ရပ်ရပ် ဖြစ်ပါသည်။

### ၈-၁။ <u>ခွင့်ပြုသည့်နေရာဒေသများ</u>

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန်အတွက် အောက်ဖော်ပြပါ နေရာဒေသများကို ခွင့်ပြုမည် ဖြစ်ပါသည်။

(က) သဘာဝတောများ ပျက်စီးပြုန်းတီးပြီး သဘာဝအလျောက် ပြန်လည်ဖြစ်ထွန်းရန် ခက်ခဲသော နေရာဒေသများ၊

(ခ) ဒေသလိုအပ်ချက်အတွက် သစ်တောထွက်ပစ္စည်းများ ထောက်ပံ့နိုင်သော အလားအလာရှိသည့် နေရာဒေသများ၊

(ဂ) မြေနှင့်ရေအရင်းအမြစ်ကို ထိန်းသိမ်းရန် လိုအပ်သည့် ဒေသများ၌ ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း လုပ်ကိုင်ရန် သင့်လျော်သော နေရာများ၊

(ဃ) အကြောင်းကြောင်းကြောင့် ဒေသခံလူထုက စီမံအုပ်ချုပ် လုပ်ကိုင်သင့်သော သဘာဝတောများ၊

(င) အစဉ်အလာအရ ဒေသခံလူထုက စီမံအုပ်ချုပ် လုပ်ကိုင်လာခဲ့သော သစ်တောမြေများ၊

### ၈-၂။ <u>အသုံးပြုသူများအဖွဲ့</u>

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်လိုသူများသည် အသုံးပြုသူများ အဖွဲ့ကို ဖွဲ့စည်း၍ သက်ဆိုင်ရာ မြို့နယ်သစ်တောဦးစီးမှူးမှတစ်ဆင့် ခရိုင်သစ်တောအရာရှိထံ

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်ကို လျှောက်ထားရပါမည်။ ခရိုင်သစ်တောအရာရှိသည် လျှောက်ထားခြင်းကို လက်ခံပါက ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန် နေရာကို သတ်မှတ် အတည်ပြု ပေးရပါမည်။ လျှောက်ထားသောမြေသည် သစ်တောဦးစီးဌာနမှ စီမံအုပ်ချုပ်ပိုင်ခွင့် ရှိသည့်မြေ မဟုတ်ခဲ့လျှင် ခရိုင်သစ်တောအရာရှိသည် ခရိုင်သစ်တောပြုစုထိန်းသိမ်းရေးကော်မတီ၏ လမ်းညွှန်မှုကို ခံယူရပါမည်။

၈-၃။ <u>မြေအသုံးချခွင့်ပြုသည့်ကာလ</u>

အသုံးပြုသူများအဖွဲ့သည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ရန် ခွင့်ပြုမိန့်ရရှိသောအခါ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်(Management Plan)ကို သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၏ အကြံဉာဏ်များ ရယူရေးဆွဲ၍ ခရိုင်သစ်တော အရာရှိထံ တင်ပြပြီး အတည်ပြုချက် ရယူရပါမည်။ အုပ်ချုပ် လုပ်ကိုင်မှု စီမံချက်ကို အတည်ပြုပြီးနောက် အသုံးပြုသူများအဖွဲ့သို့ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ခွင့် လက်မှတ်ကို ခရိုင်သစ်တောအရာရှိက သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ထုတ်ပေးမည်ဖြစ်ပါသည်။ အဆိုပါ လက်မှတ်နှင့်အတူ အသုံးပြုသူများအဖွဲ့က လိုက်နာရမည့် သစ်တော ဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပူးတွဲပေးရပါမည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော တည်ထောင်ရန်အတွက် မြေအသုံးချခွင့်ကို ကနဦးကာလအဖြစ် နှစ်(၃၀)ခွင့်ပြုမည်ဖြစ်ပါသည်။

အသုံးပြုသူများအဖွဲ့သည် သက်ဆိုင်ရာ သစ်တောဥပဒေနှင့် နည်းဥပဒေများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ပါ ပြဋ္ဌာန်းချက်များကို ပျက်ကွက်ခြင်း၊ ချိုးဖောက်ခြင်း တွေ့ရှိပါက ခရိုင်သစ်တောအရာရှိသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့် လက်မှတ်ကို ပြန်လည်ရုပ်သိမ်း နိုင်ပါသည်။ အသုံးပြုသူများအဖွဲ့၏ တာဝန်နှင့်ဝတ္တရားများနှင့် အသုံးပြုသူများအဖွဲ့၏ အဖွဲ့ဝင်များ လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ထားသော လုပ်ငန်းများကို ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များတွင် အပြည့်အဝ ဖော်ပြထားပါသည်။

၈-၄။ <u>သစ်တောဦးစီးဌာနမှ အကူအညီများ</u>

သစ်တောဦးစီးဌာနသည် အသုံးပြုသူများအဖွဲ့အား အောက်ဖော်ပြပါ အကူအညီများကို အခမဲ့ ပေးမည် ဖြစ်ပါသည်။

(က) သစ်တောစိုက်ခင်း ပထမခုတ်ပတ် ကာလအတွက် လိုအပ်သော သစ်စေ့နှင့် ပျိုးပင်များ၊

(ခ) သစ်တောတည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာ ကိစ္စအဝဝတွင် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးအတွက် လိုအပ်သော နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ၊

၈-၅။ <u>သစ်တောထွက်ပစ္စည်းများကို အသုံးပြုခြင်း</u>

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောမှထွက်ရှိသည့် သစ်တောထွက်ပစ္စည်းများကို အသုံးပြုခြင်း၊ ရောင်းချခြင်း ကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်း သတ်မှတ်ထားပါသည်။

(က) အသုံးပြုသူများအဖွဲ့၏အဖွဲ့ဝင်များ မိမိသုံးအတွက် ထုတ်ယူသော သစ်တောထွက်ပစ္စည်းများအပေါ် မည်သည့်အခွန်အခကိုမျှ ကောက်ခံခြင်း မပြုရ၊

(ခ) အသုံးပြုသူများအဖွဲ့သည် မိမိသုံးမှ ပိုလျှံသော သစ်တောထွက်ပစ္စည်းများကို အဖွဲ့ဝင် မဟုတ်သော မိမိကျေးရွာသားများကို သင့်တင့်သော ဈေးနှုန်းဖြင့် ရောင်းချနိုင်သည်။ အဆိုပါရောင်းချသည့် သစ်တောထွက်ပစ္စည်းများအပေါ် မည်သည့်အခွန်အခကိုမျှ ကောက်ခံခြင်း မပြုရ၊

(ဂ) အသုံးပြုသူများအဖွဲ့သည် မိမိအဖွဲ့အစည်းနှင့် မိမိကျေးရွာသုံးမှ ပိုလျှံသော သစ်တောထွက်ပစ္စည်းများကို ကျေးရွာပြင်ပသို့ ကာလပေါက်ဈေးဖြင့် တင်ပို့ရောင်းချနိုင်သည်။

(ဃ) ကျေးရွာပြင်ပသို့ တင်ပို့ရောင်းချသည့် ပစ္စည်းများအတွက် သစ်တောဦးစီးဌာနမှ အခါအားလျော်စွာ သတ်မှတ်ထားသော အခွန်အခနှုန်းထားများကို ပေးဆောင်ရမည်။

၈-၆။ <u>အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏တာဝန်</u>

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ညွှန်ကြားချက်များနှင့်အညီ၊ ပြည်သူများက အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန်အတွက် လည်းကောင်း၊ မိမိတို့က တည်ထောင်ထားပြီးဖြစ်သော သစ်တောစိုက်ခင်းများကို ပြည်သူများက လွှဲပြောင်း လက်ခံပြီး အစုအဖွဲ့ပိုင် သစ်တောများအဖြစ် ဆက်လက်အကောင်အထည် ဖော်ဆောင်ရေးအတွက် လည်းကောင်း၊ ပညာပေးခြင်း၊ စည်းရုံးခြင်းနှင့် လိုအပ်သကဲ့သို့ ကူညီပံ့ပိုးခြင်းများ ပြုလုပ်ရပါမည်။

ဤသို့ ပညာပေးစည်းရုံးခြင်းဖြင့်၊ ပြည်သူများက အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန် ဆန္ဒ ပြုလာကြသည့်အခါ သစ်တောဦးစီးဌာနကို တင်ပြပြီး၊ သစ်တောဦးစီးဌာနက ပြည်သူအစုအဖွဲ့များအား လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ပိုင်ခွင့်များပေးအပ်ရန် ဖြစ်ပါသည်။

## ၉။ သစ်တောရေးရာဝန်ကြီးဌာန၏ မူဝါဒများနှင့် ရည်မှန်းချက်များ

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် မြေတိုင်းဦးစီးဌာနတို့နှင့်အတူ ဝန်ကြီးဌာန၏ အောက်ဖော်ပြပါ မူဝါဒများနှင့် ရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး၊ သက်ဆိုင်ရာ အခန်းကဏ္ဍကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။

၉-၁။ သစ်တောရေးရာဝန်ကြီးဌာန၏ မူဝါဒများ

သစ်တောရေးရာဝန်ကြီးဌာန၏ မူဝါဒများမှာ -

(က) သဘာဝဝန်းကျင် အစဉ်ညီညွတ်မျှတနေစေရန် သစ်တောဖုံးလွှမ်းသည့် ဧရိယာများ ထာဝစဉ် တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းကာကွယ်သွားရန်၊

(ခ) သဘာဝအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်သွားနိုင်ရန်အလို့ငှါ သစ်ပင်ပန်းမန်နှင့် သက်ရှိသတ္တဝါမျိုးစုံတို့၏ ဂေဟစနစ် (သစ်ပင်နှင့် သတ္တဝါတို့၏ နေထိုင်ကျက်စားမှုစနစ် – Ecosystem) ပြောင်းလဲခြင်းမရှိစေရေးအတွက် ထိန်းသိမ်းကာကွယ်ထားသော သစ်တော ဧရိယာများ တိုးချဲ့တည်ထောင်သွားရန်၊

(ဂ) နိုင်ငံတော်နှင့်နောင်လာနောက်သား အနာဂတ်မျိုးဆက်သစ်တို့၏ အကျိုးစီးပွားဖြစ်ထွန်းစေရန် အလို့ငှါ သစ်တောသယံဇာတများကို မပျက်စီးစေဘဲ ထာဝစဉ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် စနစ်တကျ စီမံအုပ်ချုပ်သွားရန်၊

ဖြစ်ပါသည်။

၉-၂။ သစ်တောရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်များ

သစ်တောရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက်များမှာ

(က) သစ်တောသယံဇာတပစ္စည်းများကို ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းရေးနှင့် ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ဦးတည်ထုတ်လုပ်ရန်၊

(ခ) သစ်တောထိန်းသိမ်း ကာကွယ်ရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်း၍ တိုးချဲ့ဆောင်ရွက်သွားရန်၊

(ဂ) ပြည်ပဈေးကွက်ဝင် သစ်တောစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများကို တိုးချဲ့ စိုက်ပျိုးသွားပြီး ကျေးရွာသုံးသစ်၊ ဝါး၊ ထင်းနှင့် မီးသွေးထုတ်လုပ်ရန် အတွက် ကျေးရွာသုံးသစ်တော စိုက်ခင်းများကို ဒေသခံများနှင့် ပူးပေါင်း၍ တိုးချဲ့စိုက်ပျိုးသွားရန်၊

(ဃ) ရေအရင်းအမြစ်၊ မြေနှင့်မြေဆီလွှာ ထိန်းသိမ်းကာကွယ်ရေးအတွက် ရေဝေရေလဲ စိုက်ခင်းများ တိုးချဲ့ တည်ထောင်ရန်၊ ပြည်သူများပူပေါင်း ကာကွယ်မှုဖြင့် ကာကွယ်ထိန်းသိမ်းသွားရန်၊

(င) သဘာဝဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက် သဘာဝဇီဝမျိုးစုံ ကာကွယ်တောများ၊ တောရိုင်းသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်တောများ၊ ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ တိုးချဲ့ တည်ထောင်သွားရန်၊

(စ) ပြည်ပသို့သစ်လုံးအလိုက် ကုန်ကြမ်းအဖြစ် တင်ပို့သည့်ပမာဏကို အဆင့်ဆင့် လျှော့ချ ရပ်ဆိုင်းသွားပြီး သစ်အခြေခံ တန်ဘိုးမြင့်ကုန်ချော ပစ္စည်းများကို

နိုင်ငံတော် သမဝါယမ၊ ပုဂ္ဂလိကလုပ်ငန်းရှင် အဖွဲ့အစည်းများနှင့် ဖက်စပ်လုပ်ငန်းတို့မှ ထုတ်လုပ်တင်ပို့သွားရန် ဖြစ်ပါသည်။

(သစ်တောရေးရာဝန်ကြီးဌာနဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ ပို့ချချက်– ၁၉၉၈ခုနှစ်)

## ၁၀။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနဆက်စပ်မှု

၁၀-၁။ <u>လုပ်ငန်းများ</u>

သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝသစ်တောများကို ထိန်းသိမ်းခြင်း၊ လမ်းဘေးဝဲ-ယာ စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်ခြင်းနှင့် ပြည်သူလူထုဖြန့်စိုက်ပျိုးခြင်း လုပ်ငန်းများကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒေသ အတွင်းတွင် ဦးစီးဌာန နှစ်ခုစလုံးက ဆောင်ရွက်ကြပါသည်။

သို့ရာတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး၊ သဘာဝဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကိုသာ ဆောင်ရွက်ရန်ဖြစ်သည့်အတွက် သစ်ထုတ်တောများ(Production Forests) (သဘာဝတောများနှင့် စိုက်ခင်းများပါ ) နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းနှင့် အခွန်တော်လုပ်ငန်းများ ဆောင်ရွက်ခြင်းမပြုရန် ကန့်သတ်ထားပါသည်။ (အခန်း ၃–၆၊ ရှုပါ)။

ဦးစီးဌာနနှစ်ခု၏ လုပ်ငန်းများ မထပ်စေရန်နှင့် လစ်ဟင်းမှုများ မရှိစေရန်အတွက်၊ ၎င်းတို့၏တာဝန်များကို ရှင်းလင်းတိကျစွာ သတ်မှတ်ထားရှိရန် အရေးကြီးပါသည်။

၁၀-၂။ <u>ဝန်ထမ်းရေးရာ</u>

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တောလုပ်ငန်းဆိုင်ရာ ဝန်ထမ်းအားလုံးသည် သစ်တောဦးစီးဌာနမှ ပြောင်းရွှေ့ခန့်ထားပေးထားသည့် ဝန်ထမ်းများ ဖြစ်ကြပါသည်။ ထို့ကြောင့် တည်ဆဲစည်းမျဉ်း စည်းကမ်းများအရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် အနည်းဆုံး(၂)နှစ် တာဝန်ထမ်းဆောင် ပြီးပါက၊ သစ်တောဦးစီးဌာနသို့ ပြန်လည်ပြောင်းရွှေ့ပေးပြီး၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် အစားထိုးခန့်ထား ပေးပါသည်။

ဝန်ထမ်းများအား ရာထူးတိုးမြှင့်ပေးရာတွင်လည်း၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများကို စုပေါင်း၍ တစ်ပြေးညီစဉ်းစားပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ရာထူး တိုးမြှင့်ပေးပါသည်။

ရုံးဝန်ထမ်းများမှာ ဦးစီးဌာန(၂)ခုအတွက် သီးခြားစီဖြစ်ပါသည်။ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စများကို ဆိုင်ရာဦးစီးဌာန၏ အစီအစဉ်ဖြင့် ဆောင်ရွက်ပါသည်။

## ၁၁။ လုပ်ငန်းဆက်စပ်သော အခြားဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများ

### ၁၁-၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုများစွာရှိပါသည်။

ဆည်၊ မြောင်း၊ တာတမံများ တည်ဆောက်သည့်အတွက် ရေနှင့်အစိုဓါတ်ရရှိသော ကောင်းကျိုးရရှိသကဲ့သို့ သစ်တောမြေများနှင့် သစ်တောများ လျော့နည်းခြင်းနှင့် ဆုံးရှုံးခြင်း စသည့်ဆိုးကျိုးများလည်း ရှိပါသည်။

လယ်ယာမြေများ တိုးချဲ့သည့်အတွက်ကြောင့်လည်း သစ်တောမြေများနှင့် သစ်တော သယံဇာတများ ဆုံးရှုံးပါသည်။ အထူးသဖြင့် ၁၉၉၈-၉၉ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတော်၏ မူဝါဒအရ၊ စပါး၊ ပဲအမျိုးမျိုး၊ ကြံနှင့် ဝါတို့ကို ဦးစားပေးစိုက်ပျိုးရန် ဖြစ်၍ ထိန်းသိမ်းထားသော သဘာဝတောများနှင့် တည်ထောင်ပြီးသော သစ်တောစိုက်ခင်းများစွာကို ပယ်ဖျက်ခွင့်ပြုခဲ့ရ ပါသည်။

နိုင်ငံတော်အဆင့်တွင် တိကျသော မြေအသုံးချမှုဝါဒနှင့် စီမံချက်(National land use policy and plan)နှင့် ဩဇာတိက္ကမ ရှိသော အမျိုးသားမြေအသုံးချမှုဆိုင်ရာ ကော်မတီ သို့မဟုတ် အကြံပေးအဖွဲ့ (National land use advisory board) တို့မရှိသမျှ ကာလပတ်လုံး ဤသို့ ဝန်ကြီးဌာနများအတွင်း မြေအသုံးချမှု ပြဿနာများ ဖြစ်ပေါ်နေမည် ဖြစ်ပါသည်။

### ၁၁-၂။ သတ္တုတွင်းဝန်ကြီးဌာန

မြန်မာ့သတ္တုတွင်းဥပဒေ(၁၉၉၄)၊ ပုဒ်မ(၃) ရည်ရွယ်ချက် (စ)တွင် ဓာတ်သတ္တု လုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်ဟု ဖော်ပြ ထားပါသည်။

ပုဒ်မ(၁၃-င)တွင် သတ္တုထုတ်လုပ်ခွင့် ရရှိသူသည် ဓာတ်သတ္တုလုပ်ငန်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှု မရှိစေရန်၊ စီမံဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။

ပုဒ်မ(၁၄)တွင် ဝန်ကြီးဌာနက စီမံခန့်ခွဲခွင့် ရှိသည့် ဓာတ်သတ္တုကန့်သတ်နယ်မြေ သို့မဟုတ် ရတနာ နယ်မြေအတွင်း ကျရောက်ခြင်း မရှိသော နယ်မြေတွင် ဓာတ်သတ္တုထုတ်လုပ်ရန် ခွင့်ပြုမိန့် ရရှိသူသည် သက်ဆိုင်ရာ မြေကို စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ညှိနှိုင်း သဘောတူညီမှု ရရှိပြီးမှသာ ဓာတ်သတ္တုထုတ်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခွင့် ရှိသည်ဟု ဖော်ပြထားပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဒေသအတွင်း သတ္တုတူးဖော်ခြင်း လုပ်ငန်းအနေဖြင့် လက်ရှိတွင် ကြေးနီတူးဖော်ခြင်းနှင့် ကျောက်မီးသွေးတူးဖော်ခြင်း အနည်းငယ်မျှသာ ရှိပြီး သတ္တုတွင်းဝန်ကြီးဌာနမှလည်း အထက်ဖော်ပြပါ ဥပဒေဘောင်အတွင်းတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

သစ်တောနယ်မြေအတွင်း သတ္တုတူးဖော်ခြင်းကို သစ်တောရေးရာဝန်ကြီးဌာနမှ စည်းကမ်းများ သတ်မှတ်ပြီး ခွင့်ပြုပါသည်။ သစ်တောရေးရာဝန်ကြီးဌာနမှ သတ္တုတူးဖော်သူများ လိုက်နာရန် သတ်မှတ်ပေးသော စည်းကမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ကျောက်မျက်တူးဖော်ထုတ်လုပ်မည့်ဧရိယာကို ထင်ရှားသော နယ်နိမိတ် သတ်မှတ်ရန်နှင့် ကုန်ကျစရိတ်ကို ကျောက်မျက်တူးဖော်ထုတ်လုပ်မည့် ပုဂ္ဂိုလ်များမှ ကျခံရန်၊

(ခ) ကျောက်မျက်တူးဖော်ခြင်းကြောင့် ကျင်း၊ ချိုင့်များ ဖြစ်ပေါ်လာပါက သစ်ပင်ပြန်လည်စိုက်ပျိုးသင့်သည့် နေရာများတွင် သစ်ပင်စိုက်ပျိုးနိုင်သည်အထိ မြေဖို့ပြီး၊ သစ်ပင်ပြန်လည် စိုက်ပျိုးပေးရန်နှင့် စိုက်ပျိုးသည့် ကုန်ကျစရိတ်ကို ကျောက်မျက်တူးဖော်မည့် ပုဂ္ဂိုလ်များမှ ကျခံရန်၊

(ဂ) ကျောက်မျက်တူးဖော်ရန် သတ်မှတ်ထားသည့် ဧရိယာအတွင်း၌သော်လည်းကောင်း၊ အပြင်၌ သော်လည်းကောင်း၊ သစ်ပင်ခုတ်လှဲခြင်းမပြုရန်၊ မလွှဲမရှောင်သာ၍ သစ်ပင်ခုတ်လှဲရန် လိုအပ်ပါက သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရန်၊

(ဃ) သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်အရ၊ ခုတ်လှဲပြီးသော သစ်ပင်များကို အသုံးပြုလိုပါက၊ သစ်တောဦးစီးဌာနမှ သတ်မှတ်ထားသော ဈေးနှုန်းဖြင့် ဝယ်ယူ သုံးစွဲရန်၊

သို့သော်လည်း ယေဘုယျအားဖြင့် သတ္တုတူးဖော်သူများသည် သတ်မှတ်စည်းကမ်းများကို လိုက်နာရန် အားနည်းသည့်အပြင်၊ သစ်တောဦးစီးဌာနမှ စစ်ဆေးကြီးကြပ်ခြင်းလည်း အားနည်းပါသည်။

သတ္တုတူးဖော်ခြင်းသည် သစ်တောများပျက်စီးစေခြင်း၊ မြေတိုက်စားစေခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းစေခြင်းတို့ကြောင့် ထိရောက်စွာ ကြီးကြပ်ရန်လိုအပ်ပါသည်။

၁၁-၃။ <u>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန</u>

သစ်တောဥပဒေ ပုဒ်မ ၄၀ (ဃ)တွင် ကြိုးဝိုင်းတောအတွင်း ရေစီးရေလာ ပျက်စီးစေခြင်း၊ ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်းတို့ကို လည်းကောင်း၊ ပုဒ်မ၄၀(င)တွင် ငါးဖမ်းခြင်းကို လည်းကောင်း တားမြစ်ထားပါသည်။ ထို့ကြောင့် ယင်းဥပဒေအရ သစ်တောကြိုးဝိုင်းအတွင်းရှိ ရေကန်၊ ရေရိုး၊

မြစ်၊ ချောင်း၊ အင်းအိုင်တို့သည်၊ သစ်တောရေးရာဝန်ကြီးဌာန၏ စီမံခန့်ခွဲမှု အောက်တွင် ရှိပါသည်။

သို့သော် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ရေချိုငါးလုပ်ငန်း ဥပဒေ(၁၉၉၁)၊ အခန်း-၁၊ အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်၊ ပုဒ်မ၂(င)နှင့် (စ)တွင် အောက်ပါအတိုင်း ဖော်ပြထား ပါသည်။

(ရေချိုငါးလုပ်ငန်းဥပဒေ၊ ပုဒ်မ –၂)

(င) ရေချိုငါးလုပ်ငန်း ရေပြင်ဆိုသည်မှာ မြန်မာနိုင်ငံပင်လယ် ကမ်းရိုးတန်း တစ်လျှောက်မှ ကုန်းတွင်း နယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲ ရေတည် ရှိသည်ဖြစ်စေ၊ ယာယီ ရေတည်ရှိသည်ဖြစ်စေ ငါးများ နေထိုင်ကျက်စား ခိုအောင်းပေါက်ဖွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ အစိုးရဌာန တစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်း ဒီရေ ရောက်ရာ ဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ လိပ်များနှင့် မိချောင်းများ ဥချသည့် အသိုက်များ၊ ကျင်းများ၊ ရေချို ရေငန်စပ် ဒေသများ စသည်တို့လည်း ပါဝင်သည်။ ထို့ပြင် ပင်လယ်နှင့် ဆက်စပ်သည့် မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏ တစ်ဖက်ကမ်း အစွန်းဆုံးမှ အခြားတစ်ဖက်ကမ်း အစွန်းဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေ ကျရာဘက် ရေပြင်သည် ရေချိုငါးလုပ်ငန်း ရေပြင်ဖြစ်သည်။

(စ) ငါးဆိုသည်မှ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင် သော်လည်းကောင်း၊ ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါ အားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်၊ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

အထက်ပါ ဥပဒေအရ၊ သစ်တောကြိုးဝိုင်းအတွင်းတွင်ရှိသည့် ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင် တို့သာမက၊ ယင်းနေရာဒေသများ၌ ပေါက်ပွားသည့် အပင်များနှင့် မျိုးစေ့များပါ၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှု အောက်တွင် ရှိနေပါသည်။

ထို့ကြောင့် သစ်တောဥပဒေနှင့် ရေချိုငါးလုပ်ငန်း ဥပဒေများ ဝိရောဓိ ဖြစ်နေခြင်းကို သဟဇာတ ဖြစ်စေရေးအတွက် ဝန်ကြီးဌာန ၂–ခု ညှိနှိုင်း ပြုပြင်ရန် လိုအပ်ပါသည်။

၁၁-၄။ ဒေသအာဏာပိုင်အဖွဲ့အစည်းများ

တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အစရှိသည့်ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်သည်၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို လမ်းညွှန်ကြီးကြပ်ခြင်း၊ အခြားဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ သစ်တောပြစ်မှုများကို ကာကွယ်တားဆီးခြင်း၊ လူထုလုပ်အားကို စည်းရုံးရယူ၍ လမ်းဘေးဝဲယာသစ်ပင်များ စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်ခြင်းတို့ဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုကြပါသည်။

## ၁၂။ ရှေ့လုပ်ငန်းအစီအစဉ်

အပူပိုင်းဒေသတွင် စိမ်းလန်းစိုပြည်၍ သဘာဝဝန်းကျင်ကောင်းမွန်တည်ငြိမ်ပြီး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝ မြင့်မားစေရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လုပ်ငန်းတာဝန်ကြီး ၄-ရပ် ချမှတ်ဆောင်ရွက်ရာတွင် အခြေအနေ အချိန်အခါနှင့် လိုက်လျောညီထွေဖြစ်စေခြင်းငှါ မူဝါဒကို ပြုပြင်မွမ်းမံခြင်း (Policy reform) ဥပဒေကို ပြုပြင်မွမ်းမံခြင်း၊ (Legislative reform)နှင့် ဝန်ထမ်းဖွဲ့စည်းပုံကို ပြုပြင်မွမ်းမံခြင်း(Institutional reform)တို့ကို လိုအပ်သကဲ့သို့ ပြုလုပ်သွားရပါမည်။

သို့ဖြစ်၍ စီမံကိန်းကာလအတွင်း အောက်ပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုပါမည်။

၁၂-၁။ စထထရ လုပ်ငန်းကြီး ၄-ရပ်

၁၂-၁-၁၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း(စ)

ရာသီဥတုပူပြင်းခြောက်သွေ့ခြင်း၊ မြေဩဇာညံ့ဖျင်းခြင်း၊ သစ်ပင်သစ်တောဖြစ်ထွန်းရန် အလျင်အမြန်လိုအပ်ခြင်းတို့ကြောင့်၊ ယခင်က အကြီးမြန် နိုင်ငံခြားသစ်မျိုးများကို ဦးစားပေးစိုက်ပျိုးခဲ့ပါသည်။ သို့ရာတွင် ယခုအခါ အပူပိုင်းဒေသအတွင်း အထိုက်အလျောက် သစ်တောဖုံးလွှမ်းမှု ကောင်းမွန်လာပြီး ဖြစ်၍၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည် လှပရေး၊ ရေမြေထိန်းသိမ်းရေးနှင့် ဘက်စုံအသုံးချရေး ရည်ရွယ်ချက်များအတွက် မသင့်လျော်သည့် နိုင်ငံခြား သစ်မျိုးများကို ထူထောင်ပြီးသော စိုက်ခင်းများတွင် သင့်တော်သည့် ပြည်တွင်း သစ်မျိုးများဖြင့် တဖြည်းဖြည်း အစားထိုးရန်နှင့် စိုက်ခင်းအသစ်များအတွက် ပြည်တွင်းသစ်မျိုးများကို ဦးစားပေး စိုက်ပျိုးရန်၊

စိုက်ခင်းတည်ထောင်ခြင်းတွင် ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပါဝင်မှုကို မြှင့်တင်အားပေးရန်၊

၁၂-၁-၂။ <u>သဘာဝတောကျန်များကို ထိန်းသိမ်းကာကွယ်ခြင်း(ထ)</u>

ကောက်ပဲသီးနှံ စိုက်ပျိုးရန် လယ်ယာများ တိုးချဲ့မှုကြောင့်၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ထိန်းသိမ်းပြုစုထားသော သဘာဝတောများ ဆုံးရှုံးခဲ့ရပါသည်။ ထို့ကြောင့် ထိန်းသိမ်းထားသော သဘာဝတောများ ရေရှည်တည်တံ့စေရန်အတွက်၊ ကောက်ပဲသီးနှံ စိုက်ပျိုးရန် သင့်တော်သော နေရာဒေသများရှိ သဘာဝတောကျန်များကို ထိန်းသိမ်းခြင်း မပြုဘဲ၊ ကောက်ပဲသီးနှံ စိုက်ပျိုးရန် မသင့်တော်သော နေရာဒေသများ၊ မြေဆီလွှာနှင့် ရေဝေရေလဲဒေသများကို ထိန်းသိမ်းရန်လိုအပ်သော နေရာဒေသများ၊ အကြောင်းကြောင်းကြောင့် သစ်တောဖုံးလွှမ်းမှု မရှိလျှင်မဖြစ်သည့် နေရာဒေသများနှင့် သွားလာရေး ခက်ခဲပြီး တောင်ကမ်းကြီးမားသည့် နေရာဒေသများရှိ သဘာဝတောကျန်များကိုသာ ရွေးချယ်ထိန်းသိမ်းရန်၊

၁၂-၁-၃။ <u>ထင်းအစားအခြားလောင်စာများ ဖော်ထုတ်သုံးစွဲခြင်း(ထ)</u>

သစ်တောများ ပြုန်းတီးခြင်း၏ အဓိကအကြောင်းရင်း တစ်ခုသည် ထင်းကို လောင်စာအဖြစ်အသုံးပြုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ၁၉၉၅ ခုနှစ်ကို ထင်းအစားအခြားလောင်စာ အသုံးချရေးနှစ်အဖြစ် ကြေငြာပြီး အစားထိုးလောင်စာများ သုံးစွဲရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါသည်။ ထိုနည်းတူ ယင်းလုပ်ငန်းကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အဓိက လုပ်ငန်းရပ်တစ်ခုအဖြစ် သတ်မှတ်ခဲ့ပါသည်။

လျှပ်စစ်၊ သဘာဝဓာတ်ငွေ့နှင့် ရေနံဆီတို့ကို တောရောမြို့ပါ အလုံအလောက် ရရှိပါက၊ ထင်းပြဿနာများစွာ ပြေလည်နိုင်ပါသည်။ သို့သော် ဤအခြေအနေမျိုး မပေးသေးသည့်အတွက်၊ ကျောက်မီးသွေးနှင့် ရေနံချေးတို့မှ လောင်စာတောင့်များ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် ထင်းအကုန်သက်သာစေရန်အတွက် စွမ်းအားမြင့် မီးဖိုများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ပါတို့ကို လုပ်ငန်း လမ်းညွှန်အဖြစ် ခံယူလုပ်ကိုင်ရန်၊

(က) သဘာဝဝန်းကျင်နှင့် အိမ်ရှင်မများ၏ ကျန်းမာရေးကို ထိခိုက်ခြင်း မရှိသော လောင်စာများကို ဖော်ထုတ်ရန်၊

(ခ) ဖန်လုံအိမ်ဓာတ်ငွေ့များ၊ တိုးပွားစေသော ကျောက်ဖြစ်ရုပ်ကြွင်းမှ လောင်စာတောင့်များ ထုတ်လုပ်ခြင်းကို တစ်ဖြည်းဖြည်း လျှော့ချရပ်ဆိုင်းရန်၊

(ဂ) ပုဂ္ဂလိက ထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ခြံတွင်း၊ ဥယျာဉ်တွင်းနှင့် လယ်ယာကွင်းများတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် သစ်တောမြေပြင်ပမှ ထင်းများ သုံးစွဲခြင်းတို့ကို မြှင့်တင်အားပေးရန်၊

(ဃ) စွမ်းအားမြင့် မီးဖိုများ တီထွင်ထုတ်လုပ်ပြီး ကျယ်ပြန့်စွာ သုံးစွဲရေး ဆောင်ရွက်ရန်၊

(င) လျှပ်စစ်နှင့် သဘာဝဓါတ်ငွေ့များကို လောင်စာအဖြစ် ကျယ်ပြန့်စွာ သုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆွေးနွေးခြင်း တတ်နိုင်သည့် အပိုင်းမှ ကူညီပံ့ပိုးခြင်းများ ပြုလုပ်ရန်၊

၁၂-၁-၄၊ <u>ရေအရင်းအမြစ်များဖော်ထုတ်ခြင်း(ရ)</u>

စိမ်းလန်းစိုပြည်ရေးနှင့် လူမှုဘဝမြင့်မားစေရေးအတွက် ရေသည်အဓိက ဖြစ်ပါသည်။ ထို့ကြောင့် အပူပိုင်းဒေသအတွင်း ရေအရင်းအမြစ်များ ဖော်ထုတ်ရန် အရေးကြီးပါသည်။

ရေကို မြေအောက်မှ ရရှိနိုင်သည့် နေရာများရှိပါသည်။ သို့သော်မြေအောက်ရေကို အထိန်းအကွပ်မရှိ ထုတ်ယူသုံးစွဲခြင်း မပြုသင့်ပါ၊ မြေအောက်ရေပမာဏသည် အကန့်အသတ်ရှိသဖြင့် ကုန်ခမ်းခြင်း၊ စိမ့်စမ်းများ ခမ်းခြောက်ခြင်း၊ သဘာဝဝန်းကျင် ပျက်စီးခြင်း၊ မြေသည် အင်ပေါက်၍ စိုက်ပျိုးမရဖြစ်ခြင်း စသည့် ဆိုးကျိုးများ ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ရေအရင်းအမြစ် ဖော်ထုတ်ရာတွင် မြေအောက်ရေထက်၊ မိုးရေ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ဆည်ရေများ စုဆောင်း ရယူသုံးစွဲခြင်းကို ဦးစားပေးရန်၊

၁၂-၂။ <u>သစ်တောမူဝါဒကို ပြုပြင်မွမ်းမံရန်</u>

လက်ရှိ မြန်မာ့သစ်တောမူဝါဒကို ပြုစုချမှတ်သည့် အချိန်တွင် အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနကို မဖွဲ့စည်းရသေး၍လည်းကောင်း၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် သဃ်ဇာတ အခြေအနေများ ပြောင်းလဲနေမည်ဖြစ်၍လည်းကောင်း၊ သစ်တောမူဝါဒကို လက်ရှိ အခြေအနေများ၊ ပြောင်းလဲနေသည့် အခြေအနေများနှင့် အံဝင်ခွင်ကျ ဖြစ်မဖြစ်၊ မူဝါဒအတိုင်း၊ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ခြင်း ရှိ မရှိ အစဉ်အမြဲ လေ့လာခြင်းနှင့် ကြီးကြပ် ခြင်းတို့ ပြုလုပ်ပြီး၊ လိုအပ်သကဲ့သို့ ပြုပြင်ခြင်းကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်း ဆောင်ရွက် ရပါမည်။ ၎င်းပြင် လုပ်ငန်းဆက်စပ်သော အခြားဝန်ကြီးဌာနများ၏ မူဝါဒများကို အမြဲလေ့လာ၍ မူဝါဒအချင်းချင်း ဝိရောဓိမဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ရန် လိုပါမည်။

၁၂-၃။ <u>သစ်တောဥပဒေကို ပြုပြင်မွမ်းမံရန်</u>

သစ်တောဥပဒေနှင့် သစ်တောနှင့်ဆက်နွယ်သော အခြားဥပဒေများကို သစ်တော မူဝါဒနှင့် သဟဇာတဖြစ်အောင် ပြုပြင်မွမ်းမံပေးရပါမည်။ သစ်တောဦးစီးဌာနနှင့် အပူပိုင်း ဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနတို့၏ တာဝန်ဝတ္တရားများနှင့် အခွင့်အာဏာများ ပေါ်လွင်ပီပြင်စေရန် ပြုပြင် ရေးဆွဲရန် လိုအပ်ပါမည်။

၁၂-၄။ ဝန်ထမ်းဖွဲ့စည်းပုံကို ပြုပြင်မွမ်းမံရန်

ပြုပြင်မွမ်းမံသည့် မူဝါဒကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက်၊ ဝန်ထမ်းဖွဲ့စည်းပုံကို တိုးချဲ့ခြင်း၊ အဆင့်မြှင့်ခြင်း၊ ပြောင်းလဲဖွဲ့စည်းခြင်းများ ပြုလုပ်ရန် လိုပါမည်။

၁၂-၅။ ပြည်သူများ၏ အသိနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မြှင့်တင်ရန်

သစ်တောမူဝါဒ၊ သစ်တောဥပဒေနှင့် သစ်ပင်သစ်တောဖုံးလွှမ်းခြင်း၏ အကျိုးတရားများနှင့် ပတ်သက်၍ ပြည်သူများ၏ အသိပညာကို မြှင့်တင်ပေးရန်နှင့် သစ်တော ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများတွင် ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်ပါသည်။ သစ်တောများကို ဌာနနှင့် ပြည်သူပူးတွဲ စီမံအုပ်ချုပ်သည့်စနစ်(Partnership approach) ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါသည်။

၁၂-၆။ စိမ်းလန်းစိုပြည်ရေးရန်ပုံငွေတည်ထောင်ရန်

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရန်လည်းကောင်း၊ ပုဂ္ဂလိကနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သစ်တောစိုက်ခင်းများ တည်ထောင်ရန်လည်းကောင်း အောက်ဖော်ပြပါ ကန့်သတ်ချက်များ ရှိပါသည်။

(က) ရင်းနှီးမြှုပ်နှံငွေမရှိခြင်း၊

(ခ) ဝင်ငွေရရှိရန်နှစ်ကြာမြင့်စွာစောင့်ဆိုင်းရခြင်း၊

(ဂ) သစ်ပင်များ ပိုင်ဆိုင်ခွင့်နှင့် မြေယာပိုင်ဆိုင်ခွင့်ကို ယုံကြည်စိတ်ချမှု အားနည်းခြင်း၊

ထို့ကြောင့် ပြည်သူများမှ နိုင်ငံတော်အစိုးရ၏ အာမခံချက်များအပေါ် ယုံကြည်မှုရှိစေရန်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်အပြင်၊ ရင်းနှီးမြှုပ်နှံငွေ ထောက်ပံ့ပေးနိုင်ရန်အတွက် စိမ်းလန်းစိုပြည်ရေး ရန်ပုံငွေ တစ်ရပ် တည်ထောင်ထားရန် လိုအပ်ပါသည်။

၁၂-၇။ အမျိုးသားမြေအသုံးချမူဝါဒ(National land use policy)၊ အမျိုးသား မြေအသုံးချစီမံချက်(National land use plan) နှင့် အမျိုးသားမြေအသုံးချ အကြံပေးအဖွဲ့ (National land use advisory board) ချမှတ် တည်ထောင်ရန်

အမျိုးသားမြေအသုံးချမူဝါဒ မရှိသည့်အတွက် မြေအသုံးပြုသည့် ဝန်ကြီးဌာနများ အချင်းချင်း ထိပ်တိုက်တွေ့ခြင်း၊ ဆောင်ရွက်ပြီးသည့် လုပ်ငန်းများကို ဖျက်သိမ်းပေးရသည့်အတွက်၊ အချိန်၊ ငွေ နှင့် လူအင်အားများ အလဟဿဖြစ်ခြင်း၊ မူဝါဒမရှိ ရေရှည်အကျိုးစီးပွား မကြည့်ဘဲ လတ်တလောပြဿနာ ဖြေရှင်းရန် ဌာနစွဲဖြင့် ဆောင်ရွက်ကြသည့်အတွက် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း စသည့်အခြေအနေများ ပေါ်ပေါက်လျက်

ရှိပါသည်။ ထို့ကြောင့် အမျိုးသား မြေအသုံးချ မူဝါဒကို ချမှတ်ပြီး၊ အမျိုးသား မြေအသုံးချ စီမံချက်ကို ဆောလျင်စွာ ပြုစုပြီး စီမံချက်အတိုင်း အကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

အမျိုးသားမြေအသုံးချမူဝါဒနှင့်စီမံချက်နှင့်အညီ ဌာနဆိုင်ရာများမှ ဆောင်ရွက်ခြင်း ရှိ မရှိ ကြီးကြပ်ရန်နှင့် ဌာနများအတွင်း ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးရန်အတွက် အမျိုးသား မြေအသုံးချ အကြံပေးအဖွဲ့ကိုလည်း ဖွဲ့စည်းရန် လိုအပ်ပါသည်။

ဖော်ပြပါ လုပ်ငန်းတို့ကို နိုင်ငံတော်အဆင့်မှ ဆောင်ရွက်ပေးရမည်ဖြစ်ရာ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ ကဏ္ဍမှ ပါဝင်ရန် ဖြစ်ပါသည်။

## ၁၃။ အကောင်အထည်ဖော်မည့် အစီအစဉ်

ချမှတ်ထားသော ရည်ရွယ်ချက်များ အောင်မြင်စေရန်အတွက် အောက်ဖော်ပြပါ အဓိက လုပ်ငန်းများကို အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ဖြစ်ပါသည်။

၁၃-၁။ <u>တစ်နှစ်အတွင်း ဆောင်ရွက်ရန်(၂၀၀၁ခုနှစ်)</u>

(က) နှစ် ၃၀ ဘက်စုံစီမံကိန်းကို နိုင်ငံတော်အစိုးရမှ အတည်ပြုခြင်း၊

(ခ) ဘက်စုံစီမံကိန်း၊ သစ်တောမူဝါဒနှင့် ဥပဒေများကို ပြည်သူများ သိရှိစေရန် တိုးချဲ့ ပညာပေးခြင်း၊

(ဂ) နိုင်ငံခြားသစ်မျိုးများကို ပြည်တွင်းသစ်မျိုးများနှင့် အစားထိုးခြင်း၊

(ဃ) သစ်တောမူဝါဒ၊ သစ်တောဥပဒေများနှင့် အခြားပတ်သက်ရာဝန်ကြီးဌာနများ၏ ဥပဒေများကို လေ့လာသုံးသပ်ခြင်း၊

(င) စိမ်းလန်းစိုပြည်ရေး ရန်ပုံငွေ တည်ထောင်ခြင်း၊

၁၃-၂။ <u>နှစ်တိုကာလ (၅−နှစ်အတွင်း) ဆောင်ရွက်ရန် (၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ် အထိ)</u>

(က) သစ်တောမူဝါဒကို ပြုပြင်မွမ်းမံခြင်း၊

(ခ) သစ်တောဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြုပြင်မွမ်းမံခြင်း၊

၁၃-၃။ <u>နှစ်လတ်ကာလ (၁၀−၁၅နှစ်အတွင်း) ဆောင်ရွက်ရန် (၂၀၀၁ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိ)</u>

(က) သစ်တောမူဝါဒကို စိစစ်သုံးသပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊

(ခ) သစ်တောဥပဒေများကို သစ်တောမူဝါဒနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြုပြင်ခြင်း၊

(ဂ) ဘက်စုံစီမံကိန်းကို စိစစ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊

(ဃ) ဝန်ထမ်းဖွဲ့စည်းပုံကို ပြုပြင်မွမ်းမံခြင်း၊

၁၃-၄။ <u>စီမံကိန်းကာလတစ်လျှောက်လုံး ဆောင်ရွက်ရန်(၂၀၀၁ ခုနှစ်မှ ၂၀၃၁ ခုနှစ်အထိ)</u>

(က) သစ်တောမူဝါဒကို စိစစ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊

(ခ) ပတ်သက်ရာ အခြားဝန်ကြီးဌာနများ၏ မူဝါဒများနှင့် ဥပဒေများကို လေ့လာခြင်း၊

(ဂ) သစ်တောဥပဒေများကို သစ်တောမူဝါဒနှင့် သဟဇာတ ဖြစ်စေရန် ပြုပြင်မွမ်းမံခြင်း၊

(ဃ) ဘက်စုံစီမံကိန်းကို စိစစ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်း၊

(င) ဘက်စုံစီမံကိန်းကို အခြေခံ၍ နှစ်စဉ်လုပ်ငန်း စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊

- သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊
- သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊
- ထင်းအစားအခြားလောင်စာများ ဖော်ထုတ် သုံးစွဲခြင်း၊
- ရေအရင်းအမြစ်များ ဖော်ထုတ်ခြင်း၊

(စ) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခြင်း၊

(ဆ) တိုးချဲ့ ပညာပေးခြင်း၊

**၁၄။ နိဂုံး**

သစ်တောမူဝါဒသည် သစ်တောလုပ်ငန်းများကို အကောင်အထည်ဖော်ရန် လမ်းညွှန်သည့် မီးရှူးတိုင် ဖြစ်ပါသည်။ ဝန်ထမ်း အဖွဲ့အစည်းသည် မူဝါဒ ရည်မှန်းချက်များကို ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အကောင်အထည်ဖော်ပါသည်။ မူဝါဒ၏ အကျိုးတရားကို နှစ်များစွာကြာမြင့်မှ သိရှိနိုင်ပါ မည်။ မူဝါဒ မှန်ကန်လျှင် နိုင်ငံတော်အတွက် အကျိုးရှိမည်ဖြစ်ပြီး၊ မှားလျှင် နိုင်ငံတော်၏ ရေတိုသာမက ရေရှည် အကျိုးစီးပွားကိုပါ ထိခိုက်စေမည် ဖြစ်ပါသည်။ သို့ဖြစ်၍ သစ်တောမူဝါဒကို စဉ်ဆက်မပြတ် စိစစ်သုံးသပ်ပြီး၊ ပြုပြင်မွမ်းမံရန် လိုအပ်ခြင်း ဖြစ်ပါသည်။

သစ်တောဥပဒေနှင့် ညွှန်ကြားချက်များသည် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့၏ လုပ်ငန်းတာဝန်များနှင့် အခွင့်အာဏာများကို ပီပီပြင်ပြင် ပေါ်လွင်စေရန် လိုအပ်ပါသည်။

သစ်တောမူဝါဒ၊ ဥပဒေနှင့် ဝန်ထမ်းဖွဲ့စည်းပုံများကို ပြုပြင်မွမ်းမံရာတွင် သစ်တောလုပ်ငန်းများတွင် ပုဂ္ဂလိကများ တိုးတက်ပါဝင်လာစေရေးနှင့် ပြည်သူနှင့် နိုင်ငံတော်အစိုးရ ပူးပေါင်းစီမံ အုပ်ချုပ်သည့် စနစ်များ ဖြစ်ထွန်းရေးကို အထောက်အကူပြုသည့် မူဘောင်တစ်ခုဖြစ်စေရန် အလေးပေးဆောင်ရွက်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကျမ်းကိုးစာရင်း

၁။ Myanmar Forest Policy – 1995 (in English), Ministry of Forestry, Yangon 1995.

၂။ မြန်မာ့သစ်တောမူဝါဒ - ၁၉၉၅ မူဝါဒ သဘောထားကြေငြာချက်၊ သစ်တောရေးရာဝန်ကြီးဌာန၊ ၁၉၉၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃-ရက်။

၃။ သစ်တောဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ၁၉၉၂ခုနှစ်၊ နိုဝင်ဘာလ ၃-ရက်။

၄။ သစ်တောနည်းဥပဒေများ၊ သစ်တောရေးရာဝန်ကြီးဌာန၊ ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာလ ၁-ရက်။

၅။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ၁၉၉၄ခုနှစ်၊ ဇွန်လ ၈-ရက်။

၆။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ သစ်တောဦးစီးဌာန၊ ၁၉၉၅ခုနှစ်၊ ဒီဇင်ဘာလ။

၇။ သစ်တောရေးရာဝန်ကြီးဌာနသိကောင်းစရာအချက်များပို့ချချက်များ၊ သစ်တောရေးရာဝန်ကြီးဌာန၊ ၂၀၀၀ပြည့်နှစ်။

၈။ ထာဝစဉ်တည်တံ့စေမည့်သစ်တောလမ်းညွှန်၊ သစ်တောဦးစီးဌာန၊ ၂၀၀၀ပြည့်နှစ်၊ ဖေဖေါ်ဝါရီလ။

၉။ Myanmar Agenda 21 National Commission on Environmental Affairs. Yangon, 1997 (in English).

၁၀။ မြန်မာ့သတ္တုတွင်းဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြာမှုတည်ဆောက်ရေးအဖွဲ့၊ ၁၉၉၄ခုနှစ်၊ စက်တင်ဘာလ ၆-ရက်။

၁၁။ ရေချိုငါးလုပ်ငန်းဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ၁၉၉၁ခုနှစ်၊ မတ်လ ၄-ရက်။

၁၂။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဆိုင်ရာ အချက်အလက်များ ၁၉၉၉ခုနှစ် ဧပြီလ။